ကြေးမုံ The Mirror

၁၃၇၀ ပြည့်နှစ်၊ ဝါခေါင်လဆန်း ၅ ရက်၊ ဗုဒ္ဓဟူးနေ့ (6-8-2008) (၃၇၆၂)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်	စီးပွားရေး ဦးတည်ချက် (၄)ရပ်	လူမှုရေး ဦးတည်ချက် (၄)ရပ်
* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်း သာယာရေးနှင့် တရားဥပဒေစိုးမိုးရေး	* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွား ရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး	* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့် စာရိတ္တမြင့်မားရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး	* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ် ပေါ်လာရေး	* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသား ရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး	* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး	* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေ သစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး	* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီး နိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်း သားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ကူဝိတ်နိုင်ငံဝန်ကြီးချုပ် ရှိတ်နာဆာ အယ်မိုဟာမက် အယ်အာမက် အယ်ဂျာဘား အယ်ဆာဘား၏ ကိုယ်ရေးအတ္ထုပ္ပတ္တိအကျဉ်း

နေပြည်တော် ဩဂုတ် ၆

ရှိတ်နာဆာ အယ်မိုဟာမက် အယ်အာမက် အယ်ဂျာဘား အယ်ဆာဘားအား ၁၉၄၀ ပြည့်နှစ်တွင် မွေးဖွားခဲ့သည်။ ၎င်းသည် ဆွစ်ဇာလန် တက္ကသိုလ်မှ နိုင်ငံရေးသိပ္ပံနှင့် စီးပွားရေးဘာသာရပ်ဖြင့်(ဘီအေ)ဘွဲ့ကို ရရှိခဲ့ပြီး အာရပ်ဘာသာ၊ ပြင်သစ်ဘာသာ၊ အင်္ဂလိပ်ဘာသာတို့ကို ကျွမ်းကျင်စွာ တတ်မြောက်ပြီး ပါရှန်ဘာသာ အသင့်အတင့် တတ်ကျွမ်းပြောဆိုနိုင်သည်။

ကူဝိတ်နိုင်ငံ ဝန်ကြီးချုပ် ရှိတ်နာဆာ အယ်မိုဟာမက် အယ်အာမက် အယ်ဂျာဘား အယ်ဆာဘား။

ရှိတ်နာဆာ အယ်မိုဟာမက် အယ်အာမက် အယ်ဂျာဘား အယ်ဆာဘားသည် ၁၉၆၄ ခုနှစ်တွင် တတိယအတွင်းဝန်အဖြစ် နိုင်ငံခြားရေးဝန်ကြီးဌာန၌ စတင်တာဝန်ထမ်းဆောင်ခဲ့ပြီး ၁၉၆၅ ခုနှစ်တွင် သံအမတ်ရာထူးအဆင့်သို့ တိုးမြှင့်ခြင်းခံရသည်။ ထို့နောက် ၁၉၆၅ ခုနှစ် ဒီဇင်ဘာတွင် ဂျီနီဗာမြို့ရှိ ကုလသမဂ္ဂဆိုင်ရာ ကူဝိတ်နိုင်ငံ အမြဲတမ်းကိုယ်စားလှယ်ရုံး၌ ကူဝိတ်နိုင်ငံ၏ အမြဲတမ်းကိုယ်စားလှယ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၆၈ ခုနှစ်တွင် အီရန်အစ္စလာမ်မစ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ကူဝိတ်နိုင်ငံသံအမတ်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး ၁၉၇၁ ခုနှစ်တွင် အာဖဂန်နစ္စတန်နိုင်ငံဆိုင်ရာ ကူဝိတ်သံအမတ်ကြီးအဖြစ်လည်း ပူးတွဲတာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၇၅ ခုနှစ်မှ ၁၉၇၉ ခုနှစ်အထိ အီရန်အစ္စလာမ်မစ်သမ္မတနိုင်ငံနှင့် အာဖဂန်နစ္စတန်နိုင်ငံတို့တွင် သံတမန်အဖွဲ့နာယကအဖြစ် ဆောင်ရွက်ခဲ့သည်။

ရှိတ်နာဆာ အယ်မိုဟာမက် အယ်အာမက် အယ်ဂျာဘား အယ်ဆာဘားသည် ၁၉၈၅ ခုနှစ်မှ ၁၉၈၈ ခုနှစ်အထိ ပြန်ကြားရေးဝန်ကြီးနှင့် အနုပညာ၊ စာပေယဉ်ကျေးမှု အမျိုးသားကောင်စီဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ၁၉၈၈ ခုနှစ်မှ ၁၉၉၀ ပြည့်နှစ်အထိ လူမှုဝန်ထမ်းနှင့် အလုပ်သမားဝန်ကြီးအဖြစ်လည်းကောင်း၊ ၁၉၉၀ ပြည့်နှစ် ဇွန်မှ ၁၉၉၁ ခုနှစ် ဧပြီအထိ နိုင်ငံခြားရေးဝန်ကြီးအဖြစ်လည်းကောင်း အသီးသီး တာဝန်ယူဆောင်ရွက်ခဲ့သည်။ ၂၀၀၆ ခုနှစ် ဖေဖော်ဝါရီ ၇ ရက်မှစတင်၍ ယနေ့အထိ ကူဝိတ်နိုင်ငံ၏ ဝန်ကြီးချုပ်အဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။

ရှိတ်နာဆာ အယ်မိုဟာမက် အယ်အာမက် အယ်ဂျာဘား အယ်ဆာဘားသည် အိမ်ထောင်ရှင်တစ်ဦးဖြစ်ပြီး သားနှစ်ယောက်ရှိသည်။

(သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အုန်းမြင့် စစ်ကိုင်းနှင့် မြင်းမူမြို့နယ်တို့မှ ဌာနဆိုင်ရာများနှင့်တွေ့ဆုံ ဌာနဆိုင်ရာတာဝန်ရှိသူများအနေဖြင့် မိမိတာဝန်ယူရသည့် ဒေသဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းရန်မှာကြား

နေပြည်တော် ဩဂုတ် ၅

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အုန်းမြင့်သည် တာဝန်ရှိသူများ လိုက်ပါလျက် ယမန်နေ့ ညနေ ၄ နာရီခွဲတွင် ရန်ကုန်-မန္တလေး ကားလမ်းပေါ်ရှိ မြစ်ငယ်တံတား ဆောက်လုပ်ရေးစီမံကိန်း ရှင်းလင်းဆောင်သို့ မော်တော်ယာဉ်များဖြင့် ရောက်ရှိ ရာ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မြင့်စိုးနှင့် တိုင်းအဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ကာကွယ်ရေး ဝန်ကြီးဌာနမှ ဗိုလ်ချုပ်အုန်းမြင့် စစ်ကိုင်းမြို့ မြို့တော်ခန်းမ၌ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေး အသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံပွဲတွင် အားကစားဝန်ကြီးဌာနမှ ပေးပို့လှူဒါန်းသော အားကစားပစ္စည်းများကို ပေးအပ်စဉ်။ (သတင်းစဉ်)

ထို့နောက် ဗိုလ်ချုပ်အုန်းမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ဧရာဝတီတံတား(ရတနာပုံ)သို့ ရောက်ရှိကြပြီး တံတားကြီး၏ ကြံ့ခိုင်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကာ ဗိုလ်ချုပ်အုန်းမြင့်က တံတားကြီး ကြံ့ခိုင်မှုရှိရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲရေးတို့အတွက် အစဉ်ဂရုပြု ထိန်းသိမ်းဆောင်ရွက်ရေးတို့ကို မှာကြားသည်။

ထိုမှတစ်ဆင့် ဗိုလ်ချုပ်အုန်းမြင့်သည် တိုင်းမှူး၊ အဖွဲ့ဝင်များနှင့်အတူ မော်တော်ယာဉ်များဖြင့် စစ်ကိုင်းမြို့သို့ ရောက်ရှိကြပြီး စစ်ကိုင်းမြို့ မြို့တော်ခန်းမ၌ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံသည်။

ရှေးဦးစွာ စစ်ကိုင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်မိုးက မြို့နယ်ဆိုင်ရာ အချက်အလက်များကို လည်းကောင်း၊ စစ်ကိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးညွန့်မြင့်သန်းက ခရိုင်အတွင်း မြို့နယ်များအလိုက် ဒေသဖွံ့ဖြိုးရေး အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။ **စာမျက်နှာ ၈ ကော်လံ ၁ သို့** ❐

ကြေးမုံ The Mirror

ယနေ့ ဆောင်းပါးအညွှန်း

"မွေးစမှ နှစ်နှစ်အရွယ်သည် ကလေးငယ်များအတွက် ကြီးထွားဖွံ့ဖြိုးမှု အမြန်ဆုံးအရွယ်ဖြစ်ရာ ထိုကာလတွင် မိခင်နို့ရည်ကို အချိန်ပြည့်တိုက်ကျွေးပေးခြင်းဖြင့် ငွေကြေးသက်သာနိုင်သလို မိခင်နှင့်ကလေးကြားရုပ်ပိုင်းနှင့်စိတ်ပိုင်းဆိုင်ရာ ရင်းနှီးချစ်ခင်မှုများ တိုးပွားစေနိုင်သည်။"

ဒေါက်တာနီလာသိန်း(လင်းရောင်သစ်)၏ *"ရင်သွေးငယ်ဘဝလှပဖို့ မိခင်နို့ရည်တိုက်ကျွေးစို့"* (ဆောင်းပါး) **စာမျက်နှာ-၆**

ကြေးမုံ
The Mirror

၆-၈-၂၀၀၈
(ဗုဒ္ဓဟူးနေ့)

နိုင်ငံတော် ခေတ်နှင့်အညီဖွံ့ဖြိုးတိုးတက်ရေး ပညာစွမ်းအားဖြင့် ဆက်လက်မြှင့်တင်ကြိုးပမ်း

နိုင်ငံတကာနှင့်ရင်ပေါင်တန်း ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံကို တည်ဆောက်ရာတွင် လူ့စွမ်းအားအရင်းအမြစ်သည် အဓိကကျသည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရက ပညာရေးပတ်ဝန်းကျင်ကောင်းများ ဖန်တီးတည်ဆောက်၍ အရည်အချင်းပြည့်ဝသည့် အသိပညာရှင်၊ အတတ်ပညာရှင်များ ပေါ်ထွက်လာစေရန် ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိသည်။

နိုင်ငံ၏အနာဂတ်ကို မျှော်မှန်းဖော်ဆောင်နေသည့် ပညာရေးစီမံကိန်းများ၊ ရည်မှန်းချက်များအောင်မြင်ရေးတွင် ပညာရေးကဏ္ဍ၏ ကြိုးပမ်းအားထုတ်မှုအပေါ်၌ တည်မှီနေသည်။ ဆရာ၊ ဆရာမ တစ်ဦးချင်းက တပည့်များအား သင်ကြားပို့ချရာတွင် စာပေပညာရပ်များနှင့်အတူ ခေတ်နှင့်လျော်ညီသည့် နည်းပညာကျွမ်းကျင်မှုများ၊ အသိအမြင် အတွေးအခေါ်များ ပြည့်စုံစေရေး စနစ်တကျ လေ့ကျင့်ပျိုးထောင်ပေးကြရမည်ဖြစ်သည်။

မျက်မှောက်အချိန်အခါတွင် နိုင်ငံတော်အစိုးရက အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကို ထူဆစ်ပုံဖော်တည်ဆောက်နေသည်။ အခြေခံ အုတ်မြစ်ဖြစ်သည့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြည်သူတစ်ရပ်လုံး၏ထောက်ခံမှုဖြင့် အတည်ပြုနိုင်ခဲ့ပြီဖြစ်သည်။

နိုင်ငံတော်တွင် ဖွံ့ဖြိုးရေးစီမံကိန်းများချမှတ်ပြီး စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး အခြေခံအဆောက်အအုံများစွာကို တိုးမြှင့်တည်ဆောက်ဖြည့်ဆည်းပေးလျက်ရှိရာ ကဏ္ဍအလိုက် ဖွံ့ဖြိုးတိုးတက်မှုများ ရရှိနေပြီဖြစ်သည်။ အောင်မြင်စွာတည်ဆောက်ပြီးစီး အသုံးပြုလျက်ရှိသည့် လမ်း၊ တံတား၊ ဆည်တမံပေါင်းများစွာသည် နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့်တပ်မတော်တို့၏ ပေါင်းစည်းညီညွတ်မှု စွမ်းအားကို ဖော်ညွှန်းပြသနေသည့် ရလဒ်များဖြစ်သည်။

ယင်းသို့ရရှိဖြစ်ထွန်းနေသည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အခြေခံကောင်းများ အစဉ်ရှင်သန်ဖွံ့ဖြိုးနေစေရေး ဆက်လက်ကြိုးပမ်းကြရဦးမည်ဖြစ်သည်။ အနာဂတ်နိုင်ငံတော်သစ်ကို ဆက်ခံထိန်းသိမ်းမြှင့်တင်ပေးနိုင်မည့် မျိုးဆက်သစ်လူငယ်များအား အမျိုးသားရေးခွန်အားတစ်ရပ်ဖြစ်ထွန်းလာရေး ပြုစုပျိုးထောင်ပေးကြရမည်ဖြစ်သည်။

နိုင်ငံ၏နေအင်အားသည် နိုင်ငံသူ၊ နိုင်ငံသားများ၏ ပညာရေးအဆင့်အတန်းနှင့်လေ့လာသင်ယူ တီထွင်ကြံဆနိုင်မှု စွမ်းအားအပေါ်တွင် တည်မှီလျက်ရှိရာ အရည်အသွေးမြင့်အသိပညာရှင်၊ အတတ်ပညာရှင်များ ပိုမိုဖြစ်ထွန်းပေါ်ပေါက်လာသည်နှင့်အမျှ နိုင်ငံတော်ကို ခေတ်နှင့်အညီ ဖွံ့ဖြိုးတိုးတက်စေရန် ဆက်လက်မြှင့်တင်စွမ်းဆောင်ပေးနိုင်ကြမည်ဖြစ်ပါသည်။ ။

ကွယ်လွန်သူ မိဘများအား ရည်စူး၍ ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် ခတ္တာလမ်းနေ ဦးအောင်ကြည်-ဒေါ်တင်တင်ဝင်း၊ သမီး မချိုချိုအောင်၊ သားမောင်ကျော်ဝင်းအောင်မိသားစုက ဒဂုံမြို့နယ် စကားဝါလမ်း မင်းကွန်းတိပိဋကဆရာတော်ကြီး၏ တိပိဋကရွှေရတု၊ ငွေရတု ကျောင်းတော်ကြီးအတွက် အလှူငွေကျပ် ငါးသိန်းကို အနုနာယက ဆရာတော်ထံ ရေစက်ချ အနုမောဒနာတရားနာယူပြီး တိ-နိ (ရန်ကုန်ဌာန) အုပ်ချုပ်ရေးမှူး (ရုံးအဖွဲ့)ဦးထွန်းမြင့်ထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံ၏အဓိကရိက္ခာဆန်စပါးကို ပိုလျှံအောင်စိုက်ပျိုးထုတ်လုပ်ကြရာတွင် ကိုယ်တိုင်လည်းစားသုံးနိုင်ကြပြီး အထွက်နှုန်းလည်းတိုးသည့် စပါးမျိုးများပြောင်းလဲစိုက်ပျိုးနေ

ရန်ကုန် ဩဂုတ် ၅

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးသည် မြန်မာနိုင်ငံစိုက်ပျိုးရေး၊ သစ်တော၊ မွေးမြူရေးနှင့် ရေလုပ်ငန်းပညာရှင်အဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဝန်ကြီးဌာနရှိ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရန်ကုန်တိုင်း စိုက်ပျိုးရေးညှိနှိုင်းမှုကော်မတီဝင်များအား ဩဂုတ် ၄ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ရန်ကင်းမြို့နယ်ရှိ ဆည်မြောင်းဦးစီးဌာန အစည်းအဝေးခန်းမ၌ တွေ့ဆုံ၍ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးကိစ္စများနှင့်စပ်လျဉ်း၍ ဆွေးနွေးမှာကြားသည်။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး မြန်မာနိုင်ငံစိုက်ပျိုးရေး၊ သစ်တော၊ မွေးမြူရေးနှင့် ရေလုပ်ငန်းပညာရှင်အဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဝန်ကြီးဌာနရှိ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရန်ကုန်တိုင်း စိုက်ပျိုးရေးညှိနှိုင်းမှုကော်မတီဝင်များအား အမှာစကားပြောကြားစဉ်။ (လယ်/ဆည်)

ရှေးဦးစွာ ဝန်ကြီး ဗိုလ်ချုပ် ဌေးဦးက စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဆောင်ရွက်လျက်ရှိရာ ပြည်တွင်းစားနပ်ရိက္ခာဖူလုံရေးသာမက ပိုလျှံသည့်ရိက္ခာများကို ပြည်ပဈေးကွက်သို့ တင်ပို့၍ နိုင်ငံစီးပွားမြှင့်တင်ရေးတို့ကို ရည်ရွယ် ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံ၏ အဓိကရိက္ခာဆန်စပါးကို ပိုလျှံအောင် စိုက်ပျိုးထုတ်လုပ်ကြရာတွင် ကိုယ်တိုင်လည်း စားသုံးနိုင်ကြပြီး အထွက်နှုန်းလည်းတိုးသည့် စပါးမျိုးများကို မျိုးပြောင်းလဲ စိုက်ပျိုးပြီး စိုက်ဧကတိုးချဲ့ဆောင်ရွက်နေကြောင်း၊ ဒေသအလိုက် ဒေသဝမ်းစာဖူလုံရေးကို ဆောင်ရွက်ကြရာတွင် ဒေသအာဏာပိုင်အဖွဲ့အစည်းများ၊ ဝန်ကြီးဌာနရှိ လုပ်ငန်းဌာနများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များကလည်း ပါဝင်ဆောင်ရွက်နေကြကြောင်း၊ စိုက်ဧကမှန်ကန်ရေး၊ မျိုးပြောင်းလဲစိုက်ပျိုးရေးတို့ကိုလည်း အလေးထားဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ရန်ကုန်တိုင်းအတွင်း ဆန်စပါးပိုလျှံအောင် ဆောင်ရွက်ကြရာတွင် အထွက်နှုန်းကောင်းပြီး စားသုံးမှု အရည်အသွေးလည်း ရှိသည့် စပါးမျိုးများ ပြောင်းလဲစိုက်ပျိုးပြီး တောင်သူလယ်သမားများ စီးပွားရေးဖြစ်ထွန်းလာရန် ဆောင်ရွက်ကြရမည် ဖြစ်ကြောင်းဖြင့် မှာကြားသည်။ထို့နောက်ရန်ကုန်တိုင်းစိုက်ပျိုးရေး ညှိနှိုင်းမှုကော်မတီဝင်များ၊ ပညာရှင်အဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဝန်ကြီးဌာနရှိ လုပ်ငန်းဌာနများမှ ဦးဆောင်ညွှန်ကြားရေးမှူးများက စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးဆိုင်ရာများကိုတင်ပြကြရာ ဝန်ကြီးက ပြန်လည်ရှင်းလင်း ဆွေးနွေးပြီး သဘာဝမြေဩဇာများ၊ ဇီဝမြေဩဇာများ တိုးချဲ့အသုံးပြုရေး မှာကြားကြောင်း သိရှိရသည်။ (သတင်းစဉ်)

လေဘေးသင့်ပြည်သူများအတွက် အလှူငွေများ ဆက်လက်လှူဒါန်း

ရန်ကုန် ဩဂုတ် ၅

လေဘေးသင့်ပြည်သူများအတွက် ပြည်တွင်း၊ ပြည်ပမှ စေတနာရှင် အလှူရှင်များက အလှူငွေများကို ဆက်လက်လှူဒါန်းလျက်ရှိရာ ရန်ကုန်မြို့ ရန်ကင်းမြို့နယ်ရှိ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်(ရန်ကုန်ရုံးခွဲ) အလှူငွေလက်ခံရာဌာနသို့လာရောက်လှူဒါန်းကြသော အလှူငွေများကို ဘဏ္ဍာငွေလက်ခံရေးနှင့် ထုတ်ပေးရေး ဆပ်ကော်မတီဥက္ကဋ္ဌဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေက လက်ခံသည်။

ဩဂုတ် ၁ ရက်တွင် လှူဒါန်းကြသောအလှူရှင်များမှာ ဦးအောင်သိန်းလှိုင်နှင့် ဒေါ်တင်တင်ဝင်း မိသားစု၊ (မင်္ဂလာတောင်ညွန့်မြို့နယ်)က ငွေကျပ် ၁၈၀၀၀ နှင့် ကိုဇော်လေးနှင့် မညိုညိုစမ်း သားမောင်ဇော်ဝင်းထွန်း မိသားစု(မင်္ဂလာတောင်ညွန့်မြို့နယ်)က ငွေကျပ် ၁၈၀၀၀ တို့ဖြစ်သည်။

ဩဂုတ် ၂ ရက်တွင် လှူဒါန်းကြသော အလှူရှင်များမှာ VEN SHIFAZHAO, Golden Pagoda Buddhist Temple, Buddha Tooth Relic Temple & Museum,Tai Pei Yuen Temple and Metta Welfare Association,Singapore က အိမ် ၅၅ လုံးအတွက် လှူဒါန်းငွေကျပ်သိန်း ၃၃၀ တို့ဖြစ်သည်။ဩဂုတ် ၃ ရက်တွင် လှူဒါန်းကြသော အလှူရှင်များမှာမြန်မာသံရုံးဗန်ကောက်မြို့မှတစ်ဆင့် Eisal (Thailand Marketing Co., Ltd.,Thailand)ကအမေရိကန်ဒေါ်လာ ၁၀၀၀၀၊ Champaca Co., Ltd Thailand က အမေရိကန် ဒေါ်လာ ၅၀၀၀ နှင့် Staff of Thaicom Public Co., Ltd Thailand က အမေရိကန်ဒေါ်လာ၁၄၅တို့ဖြစ်သည်။ ဩဂုတ် ၄ ရက်တွင် လှူဒါန်းကြသော အလှူရှင်များမှာ ဒေါ်သိဂီဦး (မြောက်ဥက္ကလာပမြို့နယ်)က ငွေကျပ်တစ်သောင်း၊ ဆရာတော် ဦးကေသာလ မဇ္ဈိမပဋိပဒ္ဒါကျောင်း သဒ္ဓမ္မရံသီရိပ်သာ ကျောက်ရေတွင်းရပ်ကွက် မြောက်ဥက္ကလာပမြို့နယ်က ငွေကျပ် တစ်သောင်း၊ဦးကျော်မြင့် (စမ်းချောင်းမြို့နယ်)က လူနေအိမ်ငါးလုံးအတွက် ငွေကျပ် သိန်း ၃၀၊ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်က လူနေ အိမ် ၂၀ လုံးအတွက် ငွေကျပ် ၁၂၆ သိန်း၊ Myanmar Embassy, Hanoi, Vietnam မှ တစ်ဆင့် ပေးပို့လှူဒါန်းငွေ ယူရို ၁၀၆၅၁ ဒသမ ၁၂ တို့ဖြစ်သည်။ ဩဂုတ် ၁ ရက်မှ ၄ ရက်ထိ လက်ခံရရှိသည့် အလှူငွေစုစုပေါင်းမှာငွေကျပ် ၃၃၀၃၆၀၀၀၊ အမေရိကန် ဒေါ်လာ ၁၅၁၄၅ နှင့် ယူရို၁၀၆၅၁ဒသမ၁၂တို့ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဩဂုတ် ၄ ရက်က ဘဏ္ဍာငွေလက်ခံရေးနှင့် ထုတ်ပေးရေး ဆပ်ကော်မတီ ဥက္ကဋ္ဌ၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေထံ မုန်တိုင်းဒဏ်ခံရသော ဒေသများအတွက် Ms.Levi Sap Nei Thang Executive Director i Love Myanmar, USA က အိမ် ၂၃၀ လုံးအတွက် အက်ဖ်အီးစီ ၁၃၈၀၀၀ ကို ပေးအပ်လှူဒါန်းစဉ်။ (သတင်း-ဖော်ပြပြီး)
(ဘဏ္ဍာ/အခွန်)

လပွတ္တာ-သယ်န်းကြီး-ပြင်စလူ လမ်းဖောက်လုပ်မှု ဝန်ကြီး ဗိုလ်ချုပ်စောထွန်း စစ်ဆေး လိုအပ်သည့်နေရာများ၌ ရေဘေးခိုလှုံနိုင်သည့်တောင်ကုန်းငယ်များ တည်ဆောက်ရန်မှာကြား

နေပြည်တော် ဩဂုတ် ၅

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းသည် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများ လိုက်ပါလျက် ဩဂုတ် ၁ရက် နံနက်ပိုင်းတွင် မော်တော်ယာဉ်များဖြင့် ရန်ကုန်မြို့မှထွက်ခွာလာပြီး ပန်းတနော်-အိမ်မဲ-မြောင်းမြလမ်း ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများနှင့် အဆိုပါလမ်းပေါ်ရှိ သုံးခွချောင်းတံတား အချောသပ်လုပ်ငန်းများ ပြီးစီးမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး မြောင်းမြမြို့သို့ ရောက်ရှိသည်။

ဝန်ကြီးနှင့် အဖွဲ့သည် ဩဂုတ် ၂ ရက် နံနက်ပိုင်းတွင် မော်တော်ယာဉ်များဖြင့် မြောင်းမြမြို့မှ ထွက်ခွာပြီး မြောင်းမြ-လပွတ္တာလမ်း မိုင်တိုင်အမှတ် (၃၈/၂)တွင် လမ်းပြုပြင်ဆောင်ရွက်နေမှုကို လည်းကောင်း၊ မိုင်တိုင်အမှတ်(၃၀/၅)တွင်လမ်းဘေးရေမြောင်းဖောက်လုပ်ထားရှိမှု၊ စက်ယန္တရားများဖြင့် လမ်းမျက်နှာပြင်ညှိဆောင်ရွက်နေမှုတို့ကို လည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဝန်ကြီးနှင့် အဖွဲ့သည် ဆက်လက်ထွက်ခွာ၍ လပွတ္တာတံတား (ပင်လယ်လေး) ကြံ့ခိုင်မှုအခြေအနေတို့ကို စစ်ဆေးပြီး လမ်းဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့(၁၅)လမ်းစခန်းရှင်းလင်းဆောင်သို့ ရောက်ရှိသည်။

ဝန်ကြီးနှင့်အဖွဲ့အားရှင်းလင်းဆောင်၌ လမ်းဆောက်လုပ်ရေး စီမံကိန်း အထူးအဖွဲ့(၁၅)ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဝင်းတင့်က ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ လမ်းကွန်ရက်ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းတွင် ပါဝင်သော လပွတ္တာ-သယ်န်းကြီး -ပြင်စလူလမ်းဖောက်လုပ်မှုနှင့်စပ်လျဉ်း၍ရှင်းလင်းတင်ပြရာ ဝန်ကြီးက လမ်းလုပ်ငန်းများကို သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးအောင် အင်တိုက်အားတိုက် အကောင်အထည်ဖော်ဆောင်ရွက်ရန် စက်ယန္တရားများကို လုပ်ငန်းဆောင်ရွက်၍ ရနိုင်သည့် လုပ်ငန်းခွင်များသို့ လိုအပ်သလို ပြောင်းရွှေ့၍ မြေကြီးတာပေါင်မြင့်တင်ခြင်းလုပ်ငန်းကို ကြိုးစားဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် ဝန်ကြီးနှင့် အဖွဲ့သည် လပွတ္တာမြို့မှရေယာဉ်များဖြင့်ထွက်ခွာပြီး လပွတ္တာ-သယ်န်းကြီးအပိုင်း လမ်းတာပေါင်တင်လုပ်ငန်းများဆောင်ရွက်ထားမှုအခြေအနေကိုကြည့်ရှုစစ်ဆေးပြီး မိအူးကျေးရွာသို့ ရောက်ရှိကာ ကျေးရွာနေပြည်သူများအား တွေ့ဆုံအားပေးစကားပြောကြားသည်။

ဆက်လက်၍ဝန်ကြီးနှင့်အဖွဲ့သည် မိအူးရေတံတားအနီး ရေဘေးခိုလှုံနိုင်သည့် တောင်ကုန်းငယ်(Hillock) တည်ဆောက်နေသည့် နေရာနှင့် လမ်းတာပေါင်တင်လုပ်ငန်း ပြီးစီးမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး ဝန်ကြီးကလပွတ္တာ-သယ်န်းကြီး-ပြင်စလူလမ်းတစ်လျှောက်အနီးဆုံး ကျေးရွာများရှိလိုအပ်သည့်နေရာများ၌ရေဘေးခိုလှုံနိုင်သည့် တောင်ကုန်းငယ်များ ဆက်လက်ဆောင်ရွက်သွားရန်တာဝန်ရှိသူတို့အား မှာကြားသည်။

ဝန်ကြီးနှင့် အဖွဲ့သည် ရေယာဉ်ဖြင့်ဆက်လက်ထွက်ခွာပြီး ပျဉ်ထောင်ကွင်းရွာ၊ လိပ်ကွင်းရွာ၊ ဥက္ကံကြီးရွာ၊ ကံကွင်းရွာ၊ ဇင်ရွဲရွာနှင့် သယ်န်းကြီးရွာများ တစ်လျှောက် စက်ယန္တရားများဖြင့် လမ်းဖောက်လုပ်နေသည့် လုပ်ငန်းနှင့် နလင်ကျော်ရွာအနီး စက်ယန္တရားများဖြင့် လမ်းတာပေါင်မြင့်တင်ခြင်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝန်ကြီးနှင့် အဖွဲ့သည် မိုင်တိုင်အမှတ် (၁၈/၆) သယ်န်းကြီးရွာအနီး စက်ယန္တရားများဖြင့် လမ်းလုပ်ငန်းဆောင်ရွက်မှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လပွတ္တာမြို့သို့ ပြန်လည်ရောက်ရှိသည်။

နိုင်ငံတော်အကြီးအကဲ၏လမ်းညွှန်ချက်များနှင့်အညီ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသလမ်းကွန်ရက် ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းတွင် ပါဝင်သော ယခုတည်ဆောက်ဖောက်လုပ်နေသည့် လမ်းများသည် ရေဘေး/လေဘေး အန္တရာယ်နှင့် ကြုံတွေ့ပါက အသုံးပြုနိုင်သည့်လမ်းအဖြစ်သာမကနောင်တွင် ပင်လယ်ကမ်းခြေဒေသများသို့ ဆက်သွယ်သွားလာနိုင်မည့် အဓိကကျသည့် လမ်းမကြီးအဖြစ် ရည်ရွယ်ဖောက်လုပ်ပေးနေခြင်းဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

(၁၆) ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်(၄)ရပ်

၁။ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

၂။ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားမှု ပိုမိုတိုးတက် ဖြစ်ထွန်းစေရေး။

၃။ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို အခြေခံသည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်စေရေး။

၄။ အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများကို ဆက်လက်သယ်ပိုး ထိန်းသိမ်းစောင့်ရှောက်မည့် မျိုးဆက်သစ်များ ပေါ်ထွန်းရေး။

ရန်ကုန်မြို့ ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်အား ဘက်စုံမွမ်းမံပြင်ဆင်တည်ဆောက်ရေးအတွက် အလှူငွေကျပ်တစ်သိန်းကို ကွယ်လွန်သူ ဗိုလ်မှူးကြီးတင်ထွဋ်(ငြိမ်း)အားရည်စူး၍ ရန်ကုန်မြို့ လှိုင်သာယာမြို့နယ် သဇင်(၂)လမ်း ပဒေသာပင်မြို့တော်နေ ဇနီး ဒေါ်ရီရီစံ၏ (၈၂)နှစ်မြောက်မွေးနေ့ အထိမ်းအမှတ်အဖြစ် ဇူလိုင် ၂၉ ရက်တွင် ဂေါပကအဖွဲ့ဝင် ဦးလှထွန်း၊ ဦးခင်ဆွေ၊ ဦးစန်ဝင်းနှင့် ဦးအောင်ဆုတို့ထံ ပေးအပ်လှူဒါန်းကြစဉ်။ (သတင်းစဉ်)

ရေကြည်မြို့နယ်အသင်း (ရန်ကုန်) ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ ကျင်းပ

ရန်ကုန် ဩဂုတ် ၅

ရေကြည်မြို့နယ်အသင်း(ရန်ကုန်) (၂၉)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီး ပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲနှင့် (၁၈) ကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ဩဂုတ် ၃ ရက် နံနက် ၉နာရီတွင် ရန်ကုန်မြို့ စမ်းချောင်းမြို့နယ်ရှိ ဦးဖိုးမောင်ကျောင်းတိုက်၌ ကျင်းပသည်။

အခမ်းအနားတွင် ကြည့်မြင်တိုင်မြို့နယ်စလင်းကျောင်းတိုက် ပိဋကတ်တိုက်ကျောင်းမှ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုဏ္ဍလာဘိဝံသထံမှ ပရိသတ်များက ငါးပါးသီလခံယူ ဆောက်တည်ကြသည်။ ထို့နောက် ရေကြည်မြို့နယ်အသင်း (ရန်ကုန်) ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အေးက ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍လျှောက်ထားသည်။ ယင်းနောက် ဆရာတော်ဘဒ္ဒန္တကုဏ္ဍလာဘိဝံသ အမှူးပြုသည့် ရေကြည်မြို့နယ်ဖွား ပင့်သံဃာတော် ၁၀ ပါးတို့အား ဝါဆိုသင်္ကန်း၊လှူဖွယ်ပစ္စည်းနှင့် ဆွမ်းတို့ကို ဆက်ကပ်လှူဒါန်းကြပြီး**(ယာပုံ)** ရေစက်သွန်းချအမျှပေးဝေကြသည်။

ဆက်လက်၍ ဒုတိယပိုင်း အစီအစဉ်အရ ရန်ကုန်ရောက် ရေကြည်မြို့နယ်ဖွား အသက်(၇၅)နှစ်အထက်

အဘိုး၊ အဘွား၂၄ ဦးတို့အား ဂါရဝပြုငွေများ ပေးအပ်ပြီး ကန်တော့ကြသည်။ ယင်းနောက် ရေကြည်မြို့နယ်အသင်း(ရန်ကုန်)က ပညာရည်ချွန်ဆုရရှိသူများ၊ နိုင်ငံတော်မှ ချီးမြှင့်သည့်ဘွဲ့၊ ဆုရရှိသူများအား ဂုဏ်ပြုဆုနှင့် မှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ကြရာ အသင်းဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အေးက တက္ကသိုလ်ဝင်စာမေးပွဲတွင် ငါးဘာသာ ဂုဏ်ထူးဖြင့် အောင်မြင်သည့် မဆွေမွန်သူ (အထက-၁ လှိုင်)အား ဂုဏ်ပြုဆုများ ချီးမြှင့်သည်။ ယင်းနောက် အသင်းအမှုဆောင်အစည်းအဝေးကို ကျင်းပရာ အမှုဆောင်အဖွဲ့၏အစီရင်ခံစာကို အတည်ပြုချက်ရယူပြီး၂၀၀၈-၂၀၀၉ ခုနှစ်အတွက် ဥက္ကဋ္ဌဦးသန်းမြင့်ပါဝင်သည့် အမှုဆောင်၂၃ဦးတို့အား ရွေးချယ်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပခုက္ကူအသင်း (ရန်ကုန်) ဝါဆိုသင်္ကန်းကပ်မည်

ရန်ကုန် ဩဂုတ် ၅

ပခုက္ကူအသင်း(ရန်ကုန်)၏ (၁၅)ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ဩဂုတ် ၁၇ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီခွဲတွင် အသင်းတည်ရှိရာ ရွှေတိဂုံစေတီတော်မြောက်ဘက်မုခ်ရှိ ပခုက္ကူဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ အသင်း၏ဩဝါဒါစရိယ ဆရာတော်ကြီး ၁၁ ပါးတို့အား သင်္ကန်း၊ ပရိက္ခရာများနှင့် ဆက်ကပ်လှူဒါန်းမည်ဖြစ်သည်။

အသင်းသူ၊ အသင်းသားများနှင့် အသင်းဝင်မဟုတ်သူ ပခုက္ကူနယ်သူ၊ နယ်သားများပါ တက်ရောက်လှူဒါန်းကြရန်နှင့် အလှူငွေနှင့်ပစ္စည်းများကို ဥက္ကဋ္ဌ ဦးတင်မောင်ဝင်း ဖုန်း-၀၉-၅၀၂၁၈၈၅၊ ဒုတိယဥက္ကဋ္ဌ ဦးမျိုးဆန်း ဖုန်း-၃၈၃၈၅၇၊ အတွင်းရေးမှူး ဦးကြည်ဝင်း ဖုန်း-၇၂၀၂၀၂၊ ဘဏ္ဍာရေးမှူး ဒေါ်စန်းစန်း ဖုန်း-၅၁၇၀၁၇နှင့် အမှုဆောင် ဦးစိုးမြင့် (ပခုက္ကူ ဓမ္မာရုံ)တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

နိုင်ငံတကာမှ ထောက်ပံ့ရေးပစ္စည်းများ ဆက်လက်ရောက်ရှိ

ရန်ကုန် ဩဂုတ် ၅

မုန်တိုင်း တိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးခဲ့သည့် ဒေသများအတွက် နိုင်ငံတကာမှ ထောက်ပံ့ရေးပစ္စည်းများ ပေးပို့လျက်ရှိရာ ထိုင်းနိုင်ငံအခြေစိုက် ကုလသမဂ္ဂ ကမ္ဘာ့စားနပ်ရိက္ခာ အစီအစဉ် WFP မှ လှူဒါန်းသော ထောက်ပံ့ရေးပစ္စည်းများ စုစုပေါင်း ၃၅ ဒသမ ၇၃၄ တန်သည် ဩဂုတ် ၄ ရက်တွင် ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ရောက်ရှိလာသည်။ (သတင်းစဉ်)

လန်ဒန်မြို့ မိုးကုတ်ဝိပဿနာရိပ်သာ ကျောင်းတော်ကြီး ဖြစ်မြောက်ရေးကော်မတီ(ရွှေသီဂီရတနာဓမ္မာရုံ၊ အမှတ် ၉၈၊ ရွှေဘုံသာလမ်း၊ ပန်းဘဲတန်းမြို့နယ်)သို့ ၈၂လမ်းနှင့် ၃၃ လမ်းထောင့် မန္တလေးမြို့နေ မိခင် ဒေါ်သက်ရင်အားရည်စူး၍ ဖခင် ဦးကျော်စိန် အမှူးထားပြီး ဦးမောင်မောင်၊ ဒေါ်သန်းသန်းမိသားစုကငွေကျပ် ၁၀၀၀၀၀ လှူဒါန်းရာ ဥက္ကဋ္ဌ မဟာသဒ္ဓမ္မဇောတိကဓဇ ဦးကျော်ခင်မြင့် လက်ခံယူစဉ်။

(ကြေးမုံ)

တွံတေး အရှင်ကုန္ဒက တရားပွဲ

ရန်ကုန် ဩဂုတ် ၅

ရန်ကုန်တိုင်း ဒဂုံမြို့သစ်(မြောက်ပိုင်း) ၅၁ ရပ်ကွက် မြဝတီမင်းကြီး (၁)လမ်း သိရီမင်္ဂလာမဟာစည်ရိပ်သာကျောင်းတိုက် ဆရာတော် တွံတေးအရှင်ကုန္ဒက(ဓမ္မကထိကဗဟုဇနဟိတဓရ)သည် ဩဂုတ်၈ ရက်(သောကြာနေ့) တွင် ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ရွှေတိဂုံစေတီတော်အရှေ့ဘက်မုခ် ကြေးသွန်းဘုရားကြီးရှေ့ ကြားတောရလမ်းရှိ မင်္ဂလာဈေးဓမ္မာရုံ၌ အထူးတရားပွဲကို ည ၇ နာရီတွင် နိဗ္ဗာန်ရောက်ကြောင်းတရားတော်များကို ဟောကြားမည်ဖြစ်ပါ၍ မည်သူမဆို တရားနာယူနိုင်ကြောင်း သိရှိရသည်။ (ကြေးမုံ)

ရတနာပုံမြို့သစ်စီမံကိန်း အကောင်အထည်ဖော်ရေး ညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် ဩဂုတ် ၅

မန္တလေးတိုင်း ပြင်ဦးလွင်မြို့အနီးရှိ ရတနာပုံမြို့သစ်စီမံကိန်း အကောင်အထည်ဖော်ရေးလုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ဩဂုတ် ၄ရက်တွင် မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်ငွေ၊ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန်ဗိုလ်မှူးချုပ် ဖုန်းဇော်ဟန်နှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ ရင်းနှီးမြှုပ်နှံကြမည့်လုပ်ငန်းရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးက အမှာစကားပြောကြားပြီး ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်း ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သိန်းဇော်က ရတနာပုံမြို့သစ်ရှိ Softbase Factory Area (၃၇၂) ဟန်က ရတနာပုံမြို့သစ်စီမံကိန်း မြို့ပြ ဇရိယာအတွက် လမ်းဖောက်လုပ်ပြီးစီးမှု၊ လျှပ်စစ်မီးသွယ်တန်းမှု၊ ရေရရှိရေး ဆောင်ရွက်ပေးမှုအခြေအနေများနှင့် ဆက်လက်ဆောင်ရွက်ပေးမည့်လုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ အစည်းအဝေး တက်ရောက်လာကြသော တပ်ဆင်မည့်အခြေအနေ၊ မိုဘိုင်းဆက်သွယ်မှုစနစ် တိုးချဲ့တပ်ဆင်မှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဝန်ကြီးက ဆက်သွယ်မှုဆက်ကြောင်းများ အရည်အသွေးပြည့်မီရေး ဂရုတစိုက်ကြပ်မတ် ဆောင်ရွက်သွားကြရန်နှင့် အမရပူရမြို့နယ်၌ အများပြည်သူသုံး အင်တာနက်

ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော် ပြည်ကြီးတံခွန် အိတ်ချိန်းတွင် ကြည့်ရှုစစ်ဆေးစဉ်။ (ဆက်သွယ်ရေး)

ဇကပေါ်၌ လာရောက်ရင်းနှီးမြှုပ်နှံကြမည့်ပြည်တွင်း၊ ပြည်ပကုမ္ပဏီ ၃၅ ခု တို့အတွက် မြေနေရာလျာထားပေးမှု အခြေအနေ၊ ဆောင်ရွက်မည့်လုပ်ငန်း အမျိုးအစားနှင့် စက်ရုံများ အမြန်ဆုံး တည်ဆောက်နိုင်ရေးအတွက် စက်မှုပိုင်းဆိုင်ရာနှင့် ဆက်သွယ်ရေးနည်းပညာဝန်ဆောင်မှုဆိုင်ရာ အခြေခံအဆောက်အအုံများ ဖြည့်ဆည်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို အသေးစိတ်ရှင်းလင်း ဆွေးနွေးတင်ပြသည်။

ထို့နောက် မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော် ဌာနဆိုင်ရာ အကြီးအကဲများ၊ လုပ်ငန်းရှင်များက သက်ဆိုင်ရာလုပ်ငန်းကဏ္ဍအလိုက် ဆောင်ရွက်ပြီးစီးမှုများကို ဆွေးနွေးတင်ပြကြရာ တိုင်းမှူးနှင့် ဝန်ကြီးတို့က ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းပေးကြပြီး တိုင်းမှူးက နိဂုံးချုပ် အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

ယင်းမှတစ်ဆင့် ဝန်ကြီးသည် မြန်မာ့ ဆက်သွယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးနှင့် အတူ မန္တလေးတိုင်း အမရပူရမြို့နယ် အော်တိုအိတ်ချိန်းသို့ ရောက်ရှိရာ တာဝန်ခံများက မြို့နယ်အတွင်း အော်တိုတယ်လီဖုန်းလိုင်းများ တိုးချဲ့ဝန်ဆောင်မှုစခန်း (PAC) တစ်ခုကို အရည်အသွေးပြည့်မီစွာ ဖွင့်လှစ်ပေးရန် မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးသည် ပြည်ကြီးတံခွန် အိတ်ချိန်းသို့ ရောက်ရှိရာ မန္တလေးတိုင်း ဆက်သွယ်ရေးမန်နေဂျာက မန္တလေးမြို့ပေါ်၌ တယ်လီဖုန်းလိုင်းများ တိုးချဲ့တပ်ဆင်မည့်လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေကို ရှင်းလင်းတင်ပြပြီး ဝန်ကြီးက လိုအပ်သည်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးကာ ဆက်သွယ်ရေး စက်ခန်းများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝန်ကြီးသည် မန္တလေးတိုင်း မြို့မအိတ်ချိန်းသို့ရောက်ရှိပြီး IP based တယ်လီဖုန်းစနစ် တပ်ဆင်ထားရှိမှု အခြေအနေကိုကြည့်ရှု၍ IP ဖုန်းဖြင့် အခြားတယ်လီဖုန်းစနစ်များသို့ စမ်းသပ်ခေါ်ဆိုစစ်ဆေးသည်။ ယင်းနောက် ဝန်ကြီးအား အစည်းအဝေးခန်းမ၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရှန်ဟိုင်းဘဲလ်ကုမ္ပဏီမှ ပညာရေးဆိုင်ရာတွင် အသုံးပြုရန် ပေးအပ်လှူဒါန်းသော ကြိုးမဲ့လိုင်းနှုန်းခွင်ကျယ် အင်တာနက် ဆက်သွယ်မှုစနစ် (Wi Max)ဖြင့် ဝန်ဆောင်မှု ဆောင်ရွက်ပေးမည့် အစီအမံကို သက်ဆိုင်ရာ အင်ဂျင်နီယာချုပ်များက ရှင်းလင်းတင်ပြရာ ဝန်ကြီးက လိုအပ်သည်များ ဖြည့်စွက်ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

၂၀၀၈ - ၂၀၀၉ ပညာသင်နှစ်

ကျောင်းကျွန်းမာရေးသီတင်းပတ်

၂၀၀၈ ခုနှစ်၊ ဩဂုတ်လ (၁၁) ရက်မှ (၁၅) ရက်

အခြေခံပညာကျောင်းအားလုံး ပါဝင်ဆောင်ရွက်ကြပါစို့

ပညာရေးဝန်ကြီးဌာန

သဲဖြူတောရရိပ်သာ ၁၀ ရက်တရားစခန်း

ရန်ကုန် ဩဂုတ် ၅

ရန်ကုန်တိုင်း မှော်ဘီမြို့နယ် သဲဖြူကျေးရွာရှိသဲဖြူတောရ ဓမ္မရိပ်သာ၌ ဩဂုတ် ၈ ရက်မှ ၁၈ ရက်အထိ ၁၀ ရက်တရားစခန်း ကျင်းပမည်ဖြစ်ရာ ယောဂီများ ဖုန်း-၆၆၆၁၆၃၊ ၆၆၇၇၁၆နှင့် ၆၆၂၈၃၆ တို့သို့ဆက်သွယ်စာရင်းပေးသွင်းပြီး စုရပ်ဖြစ်သည့် အရှေ့ကြို့ကုန်း စွန်းလွန်းဂူကျောင်းတိုက်သို့ ဩဂုတ် ၈ ရက် မွန်းလွဲ ၁ နာရီခွဲအရောက်လာကြရန် အကျိုးဆောင်အဖွဲ့က နှိုးဆော်ထားသည်။ (ကြေးမုံ)

ခရမ်းမြို့ ကံသာကျောင်း မိုးကုတ်ဝိပဿနာဓမ္မရိပ်သာ (၈)ကြိမ်မြောက် ခုနစ်ရက်တရားစခန်း ဖွင့်လှစ်မည်

ရန်ကုန် ဩဂုတ် ၅

ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့ ကံသာကျောင်းတိုက်မိုးကုတ်ဝိပဿနာရိပ်သာ၌ ကံသာကျောင်းတိုက်၏ ဦးစီးပဓာန နာယက ဆရာတော် ဘဒ္ဒန္တဇောတိကဦးစီး၍ ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း (၈)ကြိမ်မြောက် ခုနစ်ရက်တရားစခန်းကို ဩဂုတ် ၁၉ ရက်မှ ၂၅ ရက်အထိ ဖွင့်လှစ်မည်ဖြစ်သည်။

ဝိပဿနာတရားစခန်းတွင် ကမ္မဋ္ဌာနာစရိယ ဆရာတော် ဘဒ္ဒန္တနန္ဒသာရနှင့် မဟာသဒ္ဓမ္မ ကထိက ဆရာကြီး ဦးကျော်နိုင် (မန္တလေး) က ပဋိစ္စသမုပ္ပါဒ်နှင့် သစ္စာလေးပါး တရားတော်များကို ခန္ဓာဉာဏ်ရောက် သဘောပေါက်အောင် ဟောပြောမည်ဖြစ်ရာ တရားစခန်း ဝင်ရောက်မည့် သံဃာတော်များနှင့် ယောဂီများ ဩဂုတ် ၁၈ ရက် ညနေ ၅ နာရီ အရောက်ကြွရောက်ကြရန်နှင့် တရားစခန်းတွင် အရုဏ်ဆွမ်း၊ နေ့ဆွမ်း ဆက်ကပ်လိုသူများသည် အကျိုးတော်ဆောင်အဖွဲ့ ဖုန်း-၀၅၆-၃၀၁၃၀သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ (သတင်းစဉ်)

ဖြူးမဟာစည် မိုးရာသီတရားစခန်း ဖွင့်မည်

ရန်ကုန် ဩဂုတ် ၅

ရန်ကုန်တိုင်း လှိုင်မြို့နယ် အမှတ်(၅)ရပ်ကွက် ကမာရွတ်ဘူတာရုံအနီး ဓမ္မရက္ခိတ ဖြူးမဟာစည် သာသနာ့ရိပ်သာ၌ ဝါခေါင်လပြည့်ကျော် ၄ ရက်မှ တော်သလင်းလဆန်း ၄ ရက်အထိ၊ ဩဂုတ် ၂၀ ရက်မှ စက်တင်ဘာ ၃ ရက်အထိ မိုးရာသီ ၁၅ ရက် ဝိပဿနာတရားစခန်းကို ပဓာန နာယက သာသနဓဇ ဓမ္မာစရိယ ဓမ္မကထိက ဗဟုဇနဟိတဓရ ဖြူးဆရာတော် ဘဒ္ဒန္တနရပတိဦးစီး၍ တပည့်ဓမ္မကထိကများက ဟောဖော်ညွှန်ပြမည်ဖြစ်ရာ တရားစခန်းဝင်ရောက်အားထုတ်လိုသော ယောဂီများသည် ဖုန်း-၅၃၀၀၆၈၊ ၅၀၁၈၄၆ လိုင်းခွဲ(၁၈၁)တို့သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

ကြေးမုံ The Mirror — အင် တာ နက် ဆေး ပ ညာ သ တင်း

ပုံတူမျိုးပွား ခွေးကလေးငါးကောင်အတွက် ဒေါ်လာငါးသောင်းကုန်ကျခဲ့

ဆိုးလ် ဩဂုတ် ၅

အိမ်မွေး ခွေးတစ်ကောင်၏ အရေပြား ကလာပ်စည်းများမှ သန္ဓေသားလောင်းများဖန်တီး၍ ခွေး ပုံတူမျိုးပွားခြင်း လုပ်ငန်းကို ကမ္ဘာပေါ်တွင် ပထမဆုံးအကြိမ်အဖြစ် အောင်မြင်စွာ စီးပွားဖြစ် ဆောင်ရွက်နိုင်ပြီ ဖြစ်ကြောင်း တောင်ကိုရီးယားနိုင်ငံမှ သိပ္ပံပညာရှင်များက ပြောကြားသည်။

အမေရိကန်ပြည်ထောင်စု ကယ်လီဖိုးနီးယားပြည်နယ်မှ ဘားနန်းမက်ကင်နေးအမည်ရှိ အမျိုးသမီးတစ်ဦးပိုင် "ဘူးဂါး"အမည်ရှိ တယ်ရီယာခွေး တစ်ကောင်နှင့် တစ်ထေရာတည်းတူသော ခွေးကလေးငါးကောင်ကို ပုံတူ မျိုးပွားနိုင်ရန်အတွက် ဒေါ်လာ ၅၀၀၀၀ (ပေါင် ၂၅၀၀၀) ကုန်ကျခဲ့ပြီး အဆိုပါခွေးကလေးများကို ဆိုးလ်မြို့တွင် အင်္ဂါနေ့က ကျင်းပသည့် သတင်းစာရှင်းလင်းပွဲ၌ ထုတ်ဖော်ပြသခဲ့သည်။

ဆိုးလ် အမျိုးသားတက္ကသိုလ်မှ သိပ္ပံပညာရှင်များသည် ပုံတူမျိုးပွားနိုင်ရန်အတွက် ဘူးဂါး၏ နားရွက်မှ တစ်သျှူးအချို့ကို ၎င်းခွေးမသေမီ ရယူပြီး တာရှည်ခံနိုင်ရန် ထိန်းသိမ်းထားရှိခဲ့ကာ သန္ဓေသားလောင်းအဖြစ် ဖန်တီး၍ အငှားကိုယ်ဝန်ဆောင် ခွေးမနှစ်ကောင်ထံတွင် မျိုးစိုက်ထည့်ပေးခဲ့သည်။ ယင်းနောက် သုံးလအကြာတွင် အဆိုပါ ခွေးကလေးများကို မွေးဖွားခဲ့ခြင်းဖြစ်သည်။

ကိုရီးယား သိပ္ပံပညာရှင်အဖွဲ့၏ အကြီးအကဲဖြစ်သူ ရားဂျီအွန်ချန်းက အေအက်ဖ်ပီ သတင်းဌာနနှင့် တွေ့ဆုံရာ၌ "မိမိတို့ ယခုပုံတူမျိုးပွားနည်းပညာဖြင့်ပင် လာမည့်နှစ်၌ အိမ်မွေးတိရစ္ဆာန်ချစ်သူ လူချမ်းသာများအတွက် ပုံတူမျိုးပွား ခွေးကောင်ရေ ၃၀၀ ခန့် ဖန်တီးပေးနိုင်မည်ဖြစ်ကြောင်း၊ နောက်ထပ်စီမံကိန်းတစ်ခုအနေဖြင့်လည်း အရှေ့အလယ်ပိုင်းဒေသမှ လူချမ်းသာများအတွက် ပုံတူမျိုးပွား ကုလားအုတ်များကို ဖန်တီးနိုင်ရန် စဉ်းစားသုံးသပ်လျက်ရှိကြောင်း" ပြောကြားသည်။

အင်တာနက်။

စာပေဗိမာန်စာမူဆုရ စာအုပ်များဖြန့်ချိ

ရန်ကုန် ဩဂုတ် ၅

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း စာပေဗိမာန်က စာပေဗိမာန်စာမူဆုရ စာအုပ်များကို ဖြန့်ချိရောင်းချနေပြီဖြစ်သည်။

အဆိုပါစာအုပ်များမှာ သက်နွယ် (ယဉ်ကျေးမှုတက္ကသိုလ်) ရေးသားသည့် ကမ္ဘာ့ဂီတသင်္ကေတ သမိုင်းစာအုပ်၊ မောင်ချစ်ထွေး(မဟာဝိဇ္ဇာ) ရေးသားသည့် မြင်စိုင်းအလွန်စာအုပ် **(ဓဲပုံ)**၊ မြေပြန့်-ဝင်းသွေးရေးသားသည့် ဧရာဝတီနှင့် အခြားကဗျာများစာအုပ်၊ နေစိုးသော်ရေးသားသည့် သိတတ်လိမ္မာမင်္ဂလာ ကလေးဝတ္ထုတိုများစာအုပ်၊ မောင်ဆန္ဒ(လယ်ဝေး) ရေးသားသည့် နိုင်ငံ့ဂုဏ်ဆောင် ဖေ့သားမောင်စာအုပ်၊ ဒေါက်တာမြင့်သန်း(ညောင်လေးပင်) ရေးသားသည့် သက်ရှည်ကျန်းမာ ရင်သွေးရတနာစာအုပ်၊ ရွှေဘိုတင်အောင် ရေးသားသည့် နှစ်ဦးဆုမွန်ကဗျာများစာအုပ်တို့ ဖြစ်ကြသည်။

အဆိုပါစာအုပ်များကိုနေပြည်တော် သပြေကုန်းဈေးရှိ စာပေဗိမာန် စာအုပ်ဆိုင်၊ ရန်ကုန်မြို့ ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်ဆိုင်နှင့် မြို့အသီးသီးရှိ စာပေဗိမာန် ကိုယ်စားလှယ်များထံတွင်ဝယ်ယူရရှိနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြင်ကွင်းအပုံပုံ၊ အရောင်အသွေးစုံစုံ ပန်းချီပြပွဲ

သတင်း-တင်ဝင်းလေး(ကြည့်မြင်တိုင်)
ဓာတ်ပုံ-သက်ထက်ကို(ဘော်ဂါမြေ)

မြေ၌ပွင့်သောပန်းတို့သည် ရာသီအလိုက် ပွင့်ကြသော်လည်း အနုပညာဉယျာဉ်မှ ပန်းချီပန်းတို့သည်ကား တစ်ဆယ့်နှစ်လတာပတ်လုံး ပွင့်ကြသည်။ ယခုလည်း မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များအစည်းအရုံး(ဗဟို) ပြခန်းဉယျာဉ်ဝယ် မြောက်ဉက္ကလာပမြို့နယ်မှ ပန်းပညာရှင်တို့၏ အနုပညာပန်းချီ

သပြေမြင့်သိန်း၏ "မုနိလေးဆူ"ပန်းချီကားမှာ ကြည်ညိုဖွယ်အတိ ဖူးတွေ့ရပေသည်။

ပန်းခင်းသည် ကြည့်မဝ၊ ရှုမဝ၊ အပြိုင်အဆိုင် ဖူးကြ၊ ပွင့်ကြ၊ မွှေးပျံ့ကြပြန်လေပြီ။

ပြပွဲ၏အမည်ကို "သက်တံရောင်"ဟု အမည်ပေးထားသည်။ ပြပွဲတွင် မြို့နယ်အတွင်းရှိ ရိုးရာပန်းပညာရှင်များအစည်းအရုံးဝင် ပန်းချီဆရာ ၂၅ဦးတို့က မြန်မာပြည်တစ်ဝန်းမှ ရေမြေတောတောင်တို့၏အလှ၊ ဒေသအသီးသီးတို့မှ တိုင်းရင်းသားများ၏ ဓလေ့စရိုက်တို့ကို ပြပွဲအမည်နှင့် လိုက်ဖက်စွာ အရောင်အသွေးစုံလင်စွာဖြင့် ရေးဆွဲထားကြသည်။ ပန်းချီကားများမှာ အသေးဆုံး ၁၀ လက်မ× ၁၂ လက်မမှ အကြီးဆုံး ၃ပေ၆လက်မ× ၅ပေ၆လက်မအထိ ပါဝင်ပြီး ပန်းချီကားပေါင်း ၁၀၀ ကျော်ကို ဆီဆေးနှင့် အခရိုင်းလစ်ဆေးတို့ဖြင့်သာ ခြယ်မှုန်းထားသည်ကို တွေ့မြင်ရသည်။

မြို့နယ်အစည်းအရုံးဉက္ကဋ္ဌလည်းဖြစ်၊ ပြပွဲတာဝန်ခံလည်းဖြစ်သော ပန်းချီဆရာကြီး သပြေမြင့်သိန်းက "ကျွန်တော်တို့ ဒီပြပွဲဖြစ်ဖို့ တစ်နှစ်နီးပါးလောက် ကြိုးစားခဲ့ရပါတယ်၊ အစည်းအရုံးဝင်တွေများပေမယ့် အားလုံးစည်းလုံးညီညွတ်မှုနဲ့ တက်ညီလက်ညီရှိကြလို့ ယခုလို ပန်းချီကားတွေနဲ့ မြိုင်မြိုင်ဆိုင်ဆိုင်ပြဖြစ်တာပါ"ဟု ဂုဏ်ယူပြောကြားသည်။

သပြေမြင့်သိန်း၏ပြပွဲ၌ "လေးဆူမုနိအတုမရှိ"ဟု အမည်ပေးထားသော ပန်းချီကားမှာ မန္တလေးမြို့ရှိ မဟာမုနိ၊ ရခိုင်ပြည်နယ်ရှိ ရှင်ကျော်မုနိ၊ ပြည်တစ်ဖက်ကမ်းရှိ ရွှေဘုံသာမုနိ၊ ဇလွန်မြို့ရှိ ပြည်တော်ပြန် မာန်အောင်မြင်မုနိ လေးဆူတို့၏ မျက်နှာတော်များအား ကြည်ညိုသပ္ပာယ်ဖွယ်ရာ ပူဇော်ရေးဆွဲထားသည့် ဆီဆေးပန်းချီကားကြီးပင်ဖြစ်သည်။

"ကျွန်တော် ဒီမုနိလေးဆူရေးဆွဲစဉ်မှာ စိတ်ကို အဖြူစင်ဆုံးထားပြီး ပုံတော်ကို ဂုဏ်တော်ရွတ်ဆို ရေးဆွဲထားတာမို့ အခုလို ကြည်ညိုဖွယ်အပြည့် မျက်နှာတော်တွေ ဖူးတွေ့ရတာပါ"ဟုပန်းချီဆရာကြီးက ရှင်းပြသည်ကို ကြားသိခဲ့ရသည်။

ဆရာလှမြင့်ကျော်၏ "ရှမ်းဈေး" အမည်ရှိ ၁၀ လက်မ X ၁၂လက်မ အရွယ် အခရိုင်းလစ်ဖြင့် အတွဲလိုက် ရေးဆွဲထားသော ပန်းချီကားလေးများမှာလည်း ရှမ်းတိုင်းရင်းသားတို့၏ ဈေးနေ့သဘာဝအတိုင်း မြေပြင်တွင် ဒေသထွက်သီးနှံနှင့် ပစ္စည်းတို့အား ဖြန့်ခင်းရောင်းချနေသော ပုံများဖြစ်သည်။ သားများဖြစ်သော လူငယ်ပန်းချီဆရာ လှမြင့်ဦးနှင့် ကေကျော်တို့၏ ပန်းချီကားများမှာလည်း ဖခင်၏ မျိုးဆက်အမွေကို ပြည့်ဝစွာခံယူနိုင်မည့် သားများဖြစ်ကြောင်း ၎င်းတို့၏ ပြပွဲတင်ပန်းချီကားများက ဖော်ပြနေပေသည်။

ဆီဆေးကို အခဲလိုက်၊ အပုံလိုက် ပုံအော၍ ရေးနည်းဖြင့် ဆွဲထားသော မင်းမောင်မောင်ရွှေ၏ "ရွာလှေဆိပ်" ပန်းချီကားမှာလည်း ကွမ်းခြံကုန်း တောကျောင်းကျေးရွာ မြစ်ကမ်းနံဘေးမှ လှေနှင့်အိမ်တို့၏ ကျေးလက်ဓလေ့ကို အမြင်အတိုင်း သရုပ်မှန်ရေးဆွဲထားခြင်းဖြစ်သည်။

တစ်ဖန် ထူးထူးခြားခြား မြင်တွေ့လိုက်ရသောအောင်သစ်၏"ရှေးခေတ်လှေ" ဆိုသော ပန်းချီကားလေးမှာ စိတ်ဝင်စားဖွယ်ကောင်းလှသည်။ ယနေ့ခေတ်တွင် မမြင်တွေ့နိုင်တော့သည့် ရှေးရိုးကုန်သွယ်မှု လှေကြီးပင်ဖြစ်သည်။ တစ်ကားလုံး အဝါရောင်သုံးထားပြီး အညိုရောင်ဖြင့် လိုင်းခွဲထားခြင်းဖြစ်သည်။ ရိုးရာကောက်ကြောင်းရေးနည်းနှင့် ခေတ်သစ်ရေးနည်း ပေါင်းစပ်ရေးဆွဲထားကြောင်း သိရသည်။

အမျိုးသမီးပန်းချီဆရာမလေး နန္ဒာမြင့်၏"ရေချိုးဆိပ်"ပန်းချီကားမှာလည်း ဧရာဝတီမြစ်ကမ်းနံဘေး ရေချိုးဆိပ်တွင် ကလေးငယ်များ ရေကူးဆော့ကစားနေသောပုံဖြစ်သည်။ ကလေးငယ်တို့၏ သဘာဝ အပူအပင်မရှိ လွတ်လွတ်လပ်လပ် မြူးထူးပျော်ပါးနေပုံကို အမိအရ ထည့်သွင်းရေးဆွဲထားရာ ကလေးတို့၏ အပျော်နှင့် ရေ၏အေးမြမှုတို့သည် ကြည့်ရသူရင်ထဲအထိ တိုးဝင်လာသည့်အလား ခံစားစေရသော ပန်းချီကားကောင်းတစ်ချပ်ဖြစ်ကြောင်း တွေ့မြင်ခဲ့ရသည်။

ထို့အတူ စောပြည့်ပြည့်၏ "ကျေးလက်ဓလေ့"၊ စုပန်၏ "တောရွာ"၊ ခရေမြင့်သန်း၏ "ဗုဒ္ဓဂယာ"၊ မျိုးမြင့်အောင်၏ "ဗုဒ္ဓ"၊ မာန်ဇာဟိန်း၏ "နာဂ"၊ ဘစတား၏"ရွှေနေကြာ"၊ သက်ထွန်းဦး၏ "ကိုရင်"၊ ထွန်းထွန်း အောင်၏

ထွန်းထွန်းအောင်၏ သစ်ခွပန်းလေးကလည်း ပန်းချင်စရာ။

"သစ်ခွ"၊ ရွှေမြင့်၏ "အလှ"၊ တင်မောင်လတ်၏ "ကချင်ပျို" သရုပ်မှန်ပန်းချီကားများမှာ ဆွဲဆောင်မှု အားကောင်းကြသကဲ့သို့ သော်သော်၊ ကောင်းဝေ၊ ဒီမောင်၊ ကိုကြွင်၊ သက်အောင်၊ စန်းအောင်၊ နေအောင်ရှူ၊ အောင်သူရတို့၏ ခေတ်သစ်မော်ဒန်ပန်းချီကားများမှာလည်း ကြည့်သူတို့၏ အမြင်၊ စိတ်ကူး၊ ပုံဖော်မှုအမျိုးမျိုးအပေါ် ရသစုံပေးနိုင်သော ပုံကောင်းများ ဖြစ်ကြပေသည်။

ပြပွဲကို ဗိုလ်ချုပ်အောင်ဆန်းဈေး အရှေ့ဘက်တန်းရှိ မြန်မာနိုင်ငံရိုးရာပန်းပညာရှင်များ အစည်းအရုံး(ဗဟို) ပြခန်း၌ ဩဂုတ် ၅ရက်မှ ၁၂ ရက်အထိ (တနင်္လာနေ့ ဈေးပိတ်ရက်မှအပ)နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ပြသထားမည်ဖြစ်ရာ မည်သူမဆို အခမဲ့ ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း အနုပညာသတင်းကောင်း ဖြန့်ဝေရေးသားလိုက်ရပါသည်။ ။

နိဗ္ဗာန်ရောက်ကြောင်းတရားတော်များ ချီးမြှင့်မည်

ရန်ကုန် ဩဂုတ် ၅

၁၃၇၀ ပြည့်နှစ် ဝါခေါင်လဆန်း ၈ ရက် ဩဂုတ် ၉ ရက်(စနေနေ့) နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ဆိပ်ကမ်းမြို့နယ် အလင်းရောင်ကျောင်းမှ ဘဒ္ဒန္တဝိမလက ဉပုသ်သီလပေး တရားတော်များကိုလည်းကောင်း၊ မွန်းလွဲ ၁၂ နာရီခွဲတွင် ရန်ကုန်မြို့ အလုံမြို့နယ် မဟာအောင်မြေဓမ္မိကာရုံကျောင်းတိုက် ပဓာနနာယကဆရာတော် ဓမ္မာစရိယ ကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တမာဃိန္ဒ (မိုးကုတ်ဝိပဿနာ သာသနာပြု နယ်လှည့်ဓမ္မကထိက)နှင့် ညနေ ၃ နာရီတွင် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် မွန်ပြည်နယ် မော်လမြိုင်မြို့နယ် နတ်မော်ကျောင်း ဦးစီးပဓာနနာယက အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တသုမနတို့က နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကိုလည်းကောင်း၊ ရန်ကုန်မြို့ ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်ရင်ပြင်ရှိ ဆိပ်ကမ်းလုပ်သားပေါင်းစုံဓမ္မာရုံ၌ ဟောကြားချီးမြှင့်တော်မူကြမည်ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

သန်မြန်သူမိသားစုများ၏ ၂၀၀၈-၂၀၀၉ ခုနှစ် ပညာသင်စရိတ်ထောက်ပံ့ငွေပေးအပ်ပွဲတွင် ကာကွယ်ရေးဝန်ကြီးဌာန ပြန်လည်နေရာချထားရေး ညွှန်ကြားရေးမှူးရုံးမှ ဗိုလ်မှူးကြီးဌေးနိုင်က ကျောင်းသား၊ ကျောင်းသူများအား ပညာသင်စရိတ်ထောက်ပံ့ငွေများ ပေးအပ်စဉ်။ (သတင်းစဉ်)

သန်မြန်သူမိသားစု ပညာသင်စရိတ်ထောက်ပံ့ငွေ ပေးအပ်ပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၅

သန်မြန်သူမိသားစု၏ ၂၀၀၈-၂၀၀၉ ခုနှစ် ပညာသင်စရိတ်ထောက်ပံ့ငွေပေးအပ်ပွဲကို ဩဂုတ် ၄ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ် ကျောင်းကြီးလမ်းရှိ မဟာသကျမုနိ ဗုဒ္ဓရုပ်ပွားတော်မြတ်ဓမ္မာရုံ၌ ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာန ပြန်လည်နေရာချထားရေး ညွှန်ကြားရေးမှူးရုံးမှ ဗိုလ်မှူးကြီးဌေးနိုင်က အမှာစကားပြောကြားပြီး သန်မြန်သူမော်တော်ယာဉ်လိုင်း ကြီးကြပ်ရေးကော်မတီ (ရန်ကုန်)ဉက္ကဋ္ဌ ဗိုလ်မှူးကိုလေး (အငြိမ်းစား)က ပညာသင်စရိတ်ထောက်ပံ့မှုအခြေအနေကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် သန်မြန်သူဝန်ထမ်းမိသားစုများ၏ သား၊ သမီးများအား ၂၀၀၈-၂၀၀၉ ပညာသင်နှစ်အတွက် ပညာသင်စရိတ် ထောက်ပံ့ငွေများကို တာဝန်ရှိသူများက ပေးအပ်ကြပြီး ကျောင်းသား၊ ကျောင်းသူများ ကိုယ်စား ကျောင်းသားတစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။

သန်မြန်သူမိသားစု၏ ၂၀၀၈-၂၀၀၉ ခုနှစ် ပညာသင်စရိတ်ထောက်ပံ့ငွေများ ပေးအပ်ပွဲတွင် တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံအဆင့် ကျောင်းသား၊ ကျောင်းသူ ၁၅ ဦး၊ အထက်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူ ၂၀ ဦး၊ အလယ်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူ ၂၉ ဦး၊ မူလတန်းအဆင့် ကျောင်းသား၊ ကျောင်းသူ ၂၄ ဦး စုစုပေါင်း ၈၉ ဦးတို့အား ငွေကျပ် ၉၈၃၀၀၀ ကို ထောက်ပံ့ပေးအပ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

CYBER Threats ဟောပြောပွဲကျင်းပမည်

ရန်ကုန် ဩဂုတ် ၅

သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း (MCPA)က ကြီးမှူး၍ ဩဂုတ် ၉ ရက် (စနေနေ့) မွန်းလွဲ ၁ နာရီမှ ညနေ ၃ နာရီအထိ ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ မြန်မာအင်ဖိုတက်ခ် အခန်း(၂၀၅)၌ မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း အလုပ်အမှုဆောင် ဦးအောင်ဇော်မြင့်က တစ်နေ့တခြားတိုးတက်ပြောင်းလဲလာသော သတင်းအချက်အလက် နည်းပညာရပ်များနှင့် အတူယှဉ်၍ CYBER Security လုံခြုံရေးစနစ်များကို ထိပါးလာသော အဆင့်မြင့်နှောင့်ယှက်၊ တိုက်ခိုက်မှု Threats နည်းပညာရပ်များ၊ Spyware/ Malware/Hack/Virus/ Worm အစရှိသော ခေါင်းစဉ်ရပ်များနှင့် အနာဂတ် cyber လုံခြုံရေးစနစ်များ၏ ဆက်စပ်မှုများအကြောင်းကို ဆွေးနွေးတင်ပြသွားမည်ဖြစ်သည်။

ယင်းဟောပြောပွဲသို့ မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်းဝင်များ၊ ကွန်ပျူတာပညာ လေ့လာနေသူများနှင့် စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်ဆွေးနွေးနိုင်သည်။ အသေးစိတ်သိရှိလိုပါက မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်းရုံးခန်း၊ အဆောင်(၄)၊ အခန်း(၄)၊ ဖုန်း-၆၅၂၂၇၆သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၆-၈-၂၀၀၈ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ အဖွင့်သီချင်း
- ၇း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- ၇း၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
- ၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြား သတင်း
- ၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
- ၈း၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
- ၈း၁၆ ၁၂။ ပြီးပါပြီ။

ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၁၅ ၃။ အမျိုးသားရေးတေးကဗျာ
- ၄း၃၀ ၄။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- ၄း၅၀ ၅။ မျိုးချစ်တပ်မတော်
- ၅း၀၀ ၆။ အမျိုးသားရေးတေးကဗျာ
- ၅း၂၀ ၇။ ကျန်းမာကြံ့ခိုင် ဒို့နိုင်ငံ
- ၅း၃၀ ၈။ ရင်ခုန်စီးဆင်းအချစ်သီချင်း
- ၅း၄၀ ၉။ မြတ်နိုးကြစေအမျိုးသား အမွေ
- ၅း၅၀ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြား သတင်း
- ၆း၁၀ ၁၂။ နိုင်ငံတကာသတင်း
- ၆း၂၀ ၁၃။ အမျိုးသားရေးတေးကဗျာ
- ၆း၃၀ ၁၄။ ကာတွန်းအစီအစဉ် "ကျားကလေးရဲ့ မွေးရပ်မြေ" အပိုင်း(၁၈)
- ၆း၄၅ ၁၅။ လျှပ်တစ်ပြက်ရိုက်ချက်
- ၇း၀၀ ၁၆။ **ရသစုံလင်ရုပ်မြင် ဇာတ်လမ်း စံပါပဲ အပိုင်း(၃)**
- ၈း၀၀ ၁၇။ မြဝတီရုပ်မြင်သံကြား သတင်း
- ၁၈။ မိုးလေဝသသတင်း
- ၁၉။ အမျိုးသားရေး တေးကဗျာ
- ၂၀။ ဖြေလိုက်ပါ
- ၂၁။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၂၂။ **ရသစုံလင်ရုပ်မြင် ဇာတ်လမ်း နှင်းတောင်သူရဲကောင်း အပိုင်း (၁၆)**
- ၂၃။ သင့်အတွက်မနက်ဖြန်
- ၂၄။ အပိတ်နှုတ်ဆက်စကား
- ၂၅။ ပြီးပါပြီ။

ရင်သွေးငယ်ဘဝလှပဖို့ မိခင်နို့ရည် တိုက်ကျွေးစို့

ဒေါက်တာနီလာသိန်း
(လင်းရောင်သစ်)

ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ်အဖြစ် နှစ်စဉ် ဩဂုတ်လ ၁ရက်နေ့မှ ၇ရက်နေ့အထိ သတ်မှတ်၍ ကမ္ဘာတစ်ဝန်း ဆောင်ရွက်လျက်ရှိပေသည်။ မြန်မာနိုင်ငံတွင်လည်း ၁၉၉၂ ခုနှစ်မှ စတင်၍ ကျန်းမာရေးဝန်ကြီးဌာနက ကြီးမှူးကျင်းပလျက်ရှိရာ ယခုနှစ်တွင် **"မိခင်နို့စနစ်တကျတိုက်ကျွေးဖို့ ဝိုင်းဝန်းကူညီပံ့ပိုးစို့"** ဟူသော ဆောင်ပုဒ်နှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပေသည်။

'မိခင်နို့ရည်'ဟု ဆိုလိုက်သည်နှင့်ပင် အင်အားကြီးမားလှသည့် မေတ္တာတရားတို့ဖြင့် လွှမ်းခြုံနေသော မိခင်တိုင်း၏ နှလုံးသားမှ ယိုစီးကျလာသည့် ထာဝရမေတ္တာရေစင်များအဖြစ် မြင်ယောင်လာရပေသည်။ ထိုချစ်ခြင်းမေတ္တာဖြင့် လွှမ်းခြုံအပ်သော **မိခင်၏နို့ရည်သည် ကလေးငယ်များအတွက် အင်အားကိုဖြစ်စေသည်။ ကိုယ်ခန္ဓာ ကြီးထွားစေနိုင်သည်။ ရောဂါကို ကာကွယ်နိုင်သည့် အာဟာရများအားလုံးကို တစ်ပြိုင်နက်တည်း ရရှိနိုင်ပေသည်။ ထို့ကြောင့် မိခင်နို့ရည်သည် ပြီးပြည့်စုံသည့် အကောင်းဆုံးအာဟာရတစ်ခု ဖြစ်သည်။**

မိခင်၏နို့ဦးရည်ကို မွေးဖွားပြီးပြီးချင်း တစ်နာရီအတွင်းမှာပင်တိုက်ကျွေးပေးခြင်းအားဖြင့် မွေးကင်းစကလေးငယ်အတွက် ပထမဦးဆုံး ကာကွယ်ဆေးထိုးပေးသကဲ့သို့ဖြစ်၍ ဝမ်းပျက်ဝမ်းလျှောရောဂါ၊ အအေးမိနှာစေး ချောင်းဆိုးရောဂါ၊ အဖျားရောဂါများကို ကာကွယ်ပြီးဖြစ်ပေသည်။ နို့ဦးရည်ဆိုသည်မှာ မွေးဖွားပြီး သုံးရက်အတွင်း ထွက်သည့် နို့ရည်ဖြစ်ပြီး အရည်ခပ်ကြည်ကြည် ဖြစ်သည်။ အနည်းငယ်မျှသာထွက်သည်။ သို့သော် ၎င်းအနည်းငယ်သည် မွေးကင်းစကလေးငယ်အတွက် လုံလောက်မှုတရှိသာမက ရေဓာတ် ၈၇ ရာခိုင်နှုန်း ပါဝင်နေသဖြင့် ပူပြင်းလှသည့် ရာသီဥတုတွင်ပင် ရေငတ်ခြင်းကို ကာကွယ်ပေးနိုင်ပြီး အခြားဖြည့်စွက်အရည်များထပ်မံတိုက်ကျွေးရန် မလိုအပ်တော့ပေ။

ထို့အပြင် သံဓာတ်များပါ ပါဝင်နေသဖြင့် ၉၀ ရာခိုင်နှုန်းကို ကလေး၏ခန္ဓာကိုယ်မှ ကောင်းစွာစုပ်ယူနိုင်သောကြောင့် သွေးအားနည်းရောဂါကိုလည်း ကာကွယ်ပေးနိုင်ပြန်သည်။ **မိခင်နို့ရည်သည် ကလေးအတွက် အချိန်မရွေး အမြဲအဆင်သင့်ရှိနေ၍ သန့်ရှင်းလတ်ဆတ်လှသလို အပူအအေးလည်း မျှတကာ အစာကြေလွယ်နိုင်သည့် အာဟာရဓာတ်တို့ အချိုးကျကျ မျှတစွာ ပါဝင်နေသောကြောင့် အလွန်အဖိုးထိုက်တန်လှသည့် ဆေးတစ်ခွက်ကဲ့သို့ ဖြစ်နေပေသည်။**

မွေးစမှ နှစ်နှစ်အရွယ်သည် ကလေးငယ်များအတွက် ကြီးထွားဖွံ့ဖြိုးမှု အမြန်ဆုံးအရွယ်ဖြစ်ရာ ထိုကာလတွင် မိခင်နို့ရည်ကို အချိန်ပြည့် တိုက်ကျွေးပေးခြင်းဖြင့် ငွေကြေးသက်သာနိုင်သလို မိခင်နှင့်ကလေးကြား ရုပ်ပိုင်းနှင့် စိတ်ပိုင်းဆိုင်ရာ ရင်းနှီးချစ်ခင်မှုများ တိုးပွားစေနိုင်သည်။ မိခင်၏မေတ္တာမဆိုထားနှင့်။ မိခင်၏ ပိုက်ထွေးမှုသည်ပင် ကောင်းမြတ်သောသြဇာနှင့် အံ့သြဖွယ်ရာ ဂုဏ်သတ္တိထူးများ ရှိနေကြပေသည်။ မွေးပြီးပြီးချင်း ကလေးက နို့စို့သည်ဖြစ်စေ၊ မစို့သည်ဖြစ်စေ မိခင်နို့အုံများနှင့် နာရီဝက်ခန့် ထိကပ်ပေးထားခြင်းဖြင့် မိခင်၏ ပိုက်ထွေးထားမှုကြောင့် လုံခြုံမှုကိုရရှိပြီး မိခင်မေတ္တာ၏ လွှမ်းခြုံမှုကိုပါ ခံယူပြီးသား ဖြစ်နေပေသည်။ တစ်နည်းဆိုလျှင် **မိခင်နို့ဦးရည်ကို တိုက်ကျွေးလိုက်သည်နှင့် မိခင်နှင့်ကလေးကြား သံယောဇဉ်အနှောင်အဖွဲ့သည် မွေးဖွားပြီး မိနစ်ပိုင်းမှာပင် စတင်ဖြစ်ပေါ်သည်ဟု ဆိုရပေမည်။ သို့ဖြစ်ရာ မွေးပြီးပြီးချင်း ကလေးငယ်ကို "စောစောတိုက်မှ များများထွက်မည်၊ ကြာကြာတိုက်မှ များများထွက်မည်၊ များများတိုက်မှ များများထွက်မည်၊ ထို့ကြောင့် ကလေးဆာတိုင်း တိုက်ပါ၊ စောစောတိုက်ပါ၊ နေ့ရောညပါ တိုက်ပါ" ဟူ၍ မိခင်များအား တိုက်တွန်းလိုပါသည်။**

ကျွန်မသည် လွန်ခဲ့သော ၁၉၉၂ ခုနှစ်ကာလဆီက မကွေးတိုင်း ဆေးရုံကြီးတွင် တာဝန်ထမ်းဆောင်ခဲ့စဉ် လှုပ်ရှားမှုပုံရိပ်များကို တရေးရေး မြင်ယောင်လာမိသည်။ မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ်လှုပ်ရှားမှုများကို ၁၉၉၂ ခုနှစ်မှ စတင်၍ ဆောင်ရွက်ခဲ့ကြရာ မကွေးတိုင်း ဆေးရုံကြီးတွင် တာဝန်ထမ်းဆောင်နေသော ဆရာဝန်ဖြစ်စ ကျွန်မလည်း တစ်တပ်တစ်အား ပါဝင်ဆင်နွှဲခဲ့ဖူးပေသည်။ ရှေးရိုးအစဉ်အလာကို လက်ကိုင်ထားကြသည့် မိဘဘိုးဘွားတို့၏ ရိုးရာအယူအဆ အစွဲအလမ်းများကို တွန်းလှန်၍ ကလေးငယ် ခြောက်လအထိ မိခင်နို့တစ်မျိုးတည်းကိုသာ တိုက်ရန် နည်းအမျိုးမျိုးဖြင့် စည်းရုံးခဲ့ကြရသည်။

ကိုယ်ဝန်ဆောင်နေစဉ်ကာလမှာပင် ကိုယ်ဝန်ဆောင်မိခင်များကို အပတ်စဉ် ကျန်းမာရေး ပညာပေးဟောပြောခြင်း၊ လက်တွေ့သရုပ်ပြပေးခြင်းများဖြင့် ရည်မှန်းချက်များ အောင်မြင်ရေး လှုပ်ရှားခဲ့ကြရသည်။ ကျွန်မတို့ မည်မျှပင် ပြောဟောနေပါစေ။ ရေကျက်အေးများ၊ နို့မှုန့်၊ နို့ဘူးများ၊ အချိုရည်များကို ခိုးတိုက်ကြသဖြင့် နို့ဘူး၊ ချိုလိမ်နှင့် ရေကျက်အေး ပုလင်းများကို လိုက်လံသိမ်းဆည်းရသည်များလည်း ကြုံခဲ့ရသည်။ "နို့မထွက်လို့ပါ"ဟုဆိုကာ နွားနို့၊ ဆိတ်နို့ တိုက်ကျွေးသူများ၊ နို့ဆီ၊ ပျားရည်၊ သကြားရည်တို့ကို ဖျော်တိုက်ကြသူများ၊ မိုင်လို၊ ဟောလစ်တို့ကို ဖျော်တိုက်ကြသူများလည်း ရှိခဲ့သည်။ မိခင်နို့မှလွဲ၍ ဘာမှမတိုက်ရဟု ပြင်းပြင်းထန်ထန် တားမြစ်ခဲ့ကြရပါသည်။ မိခင်နို့ရည်အတုပြုလုပ်၍ ရသော်လည်း မိခင်၏ နို့ရည်ထဲတွင်ပါသော ကိုယ်ခံစွမ်းအားကိုမူ အတုလုပ်၍ မရပါ။ နို့အတုဖြစ်သော နို့မှုန့်နှင့် အာဟာရမှုန့်များကို တိုက်ကျွေးရာတွင် အချိန်အဆ မမှန်ကန်ပါက၊ သုံးစွဲ

မိခင်နို့ရည်သည် ကလေးအတွက် အချိန်မရွေး အမြဲအဆင်သင့်ရှိနေ၍ သန့်ရှင်းလတ်ဆတ်လှသလို အပူအအေးလည်းမျှတကာ အစာကြေလွယ်နိုင်သည့်အာဟာရဓာတ်တို့ အချိုးကျကျ မျှတစွာ ပါဝင်နေသောကြောင့် အလွန်အဖိုးထိုက်တန်လှသည့် ဆေးတစ်ခွက်ကဲ့သို့ဖြစ်နေ။

ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ်
(၁-၈-၂၀၀၈ မှ ၇-၈-၂၀၀၈)ထိ
World Breastfeeding Week
(1-8-2008 to 7-8-2008)
Mother Support: Going for the Gold!
"မိခင်နို့ စနစ်တကျတိုက်ကျွေးဖို့၊ ဝိုင်းဝန်းကူညီပံ့ပိုးစို့"
ကျန်းမာရေးဝန်ကြီးဌာန

သည့်ပစ္စည်းကိရိယာများ မသန့်ရှင်းပါက ကလေးအတွက် အန္တရာယ်ပင် ဖြစ်စေနိုင်ပါသည်။ စသဖြင့် ကလေးငယ်၏ အဘိုး၊ အဘွား၊ ဦးကြီး၊ ဒေါ်ကြီးများကိုပါရော၍ ပညာပေး ဟောပြောခဲ့ရသည်။

တစ်ဆက်တည်းမှာပင် ကိုယ်ဝန်ဆောင်စဉ်ကာလ ကျန်းမာရေးစောင့်ရှောက်မှုကို အပြည့်အဝပေးရုံသာမက ကိုယ်ဝန်ဆောင်စဉ် အာဟာရဖြစ်စေမည့်ထမင်း၊ အသား၊ ငါး၊ နို့၊ ကြက်ဥ၊ ဘဲဥ၊ ပဲအမျိုးမျိုး၊ အဝါရောင်အသီးအနှံ၊ အစိမ်းရောင်အရွက်များကို များများစားရန်လိုအပ်ကြောင်း ပညာပေးရပါသည်။ ကိုယ်ဝန်ဆောင်စဉ် အစားရှောင်ရန် မလိုကြောင်း၊ ကျန်းမာသန်စွမ်းသော မိခင်လောင်းမှသာ ကျန်းမာသန်စွမ်း၍ ကိုယ်အလေးချိန် ပြည့်မီသည့် သန္ဓေသားကို လွယ်ကူချောမောစွာ မွေးဖွားနိုင်မည်ဖြစ်ကြောင်း ပညာပေးကြရပါသည်။ ကိုယ်အလေးချိန် ပြည့်မှသာ ဦးနှောက်၊ အသွေးအသား၊ အရိုးအဆစ်များအားလုံး ပုံမှန်ကြီးထွားသန်မာလာပြီး ဉာဏ်ရည်၊ ဉာဏ်သွေးလည်း ပြည့်ဝလာနိုင်မည်ဖြစ်သည်။ ထို့ပြင် တစ်ကိုယ်ရေသန့်ရှင်းရေး၊ သားမြတ်သန့်ရှင်းရေးနှင့် နို့သီးခေါင်း ပြုပြင်ပြင်ဆင်ခြင်းတို့ကိုလည်း ဆောင်ရွက်ပေးရမည်ဖြစ်သည်။

မွေးဖွားပြီးပြီးချင်း ရင်သွေးငယ်ကို နို့ချိုတိုက်ကျွေးခြင်းဖြင့် မိခင်များအနေဖြင့်လည်း အကျိုးကျေးဇူးများ ရနိုင်ပေသည်။ ကလေးငယ်မှ နို့စို့လိုက်ခြင်းကြောင့် မိခင်၏ဦးနှောက်မှ သားအိမ်ကျုံ့ခြင်းကို အားပေးသော အောက်စီတိုစင်ဟော်မုန်းများကို ထုတ်ပေးရာ သားအိမ်ကိုဝပ်သွားစေပြီး မီးတွင်းသွေးသွန်ခြင်းကို ကာကွယ်ပေးနိုင်ပေသည်။ နို့မှန်မှန်တိုက်နေသည့် မိခင်အနေဖြင့်သားဥပြန်မကြွေသည့်အတွက် သားဆက်ခြားစေနိုင်သလို မိခင်၏ သားမြတ်ကင်ဆာ၊ သားဥအိမ်ကင်ဆာများမှလည်း ကာကွယ်နိုင်ပေသည်။

ပုံစံမှန်အောင်မတိုက်သည့် မိခင်များ၌ တစ်လခန့်ကြာသော် နို့ကြောတင်းခြင်း၊ နို့ပြည်တည်ခြင်းများကို ခံစားရတတ်သဖြင့် ပုံစံမှန်အောင် စနစ်တကျသင်ယူတိုက်ကျွေးရမည်ဖြစ်သည်။ ထို့ကြောင့် မွေးမွေးချင်းတိုက်၊ မကြာခဏတိုက်၊ ဆာတိုင်းတိုက်၊ ပုံစံမှန်မှန်တိုက်ဟု ဆော်ဩနေကြရပေသည်။ အာဟာရပြည့်ဝသည့် မိခင်ထံမှ နို့လှိုင်လှိုင်စို့နေရသော ကလေးအနေဖြင့် စိတ်ဓာတ်ရေးရာ လုံခြုံမှုအပြင် ကလေးငယ်၏ အနာဂတ်ဝယ် ကိုယ်ရောစိတ်ပါ ရှင်သန်ဖွံ့ဖြိုးမှုကို များစွာ အထောက်အကူ ပြုနေပေလိမ့်မည်။

မိခင်နို့တိုက်ကျွေးမှု မခံခဲ့ရသော ကလေးငယ်များသည် ကြီးပြင်းလာသောအခါ ပြောဆိုဆုံးမသွန်သင်၍ မရခြင်း၊ ကြမ်းတမ်းခက်ထန်ခြင်း၊ စိတ်တိုလွယ်ခြင်း၊ တဇွတ်ထိုးပြုမူခြင်းနှင့် စိတ်ပိုင်းရော ရုပ်ပိုင်းပါ ဖွံ့ဖြိုးကြီးထွားမှု အားနည်းကာ စိတ်ဝေဒနာရှင်များ ဖြစ်လာနိုင်ခြင်းတို့ကို လေ့လာတွေ့ရှိချက်များအရ သိရှိရပေသည်။

မိခင်နို့တိုက်ကျွေးခြင်းခံရသည့် ကလေးငယ်များသည် မိခင်နှင့် ရင်းနှီးတွယ်တာမှုသံယောဇဉ် ပိုမိုခိုင်မြဲလာခြင်းကြောင့် မိခင်၏စကားကို အလေးထားလိုက်နာကြသူများဖြစ်လာပြီး မိဘကျေးဇူးသိတတ်သည့် ကလေးများ၊ လိမ္မာယဉ်ကျေး ဆိုဆုံးမလွယ်သောကလေးများ၊ ထူးထူးခြားခြား ဉာဏ်ရည်ထက်မြက်သူများ၊ ကျိုးကြောင်းဆင်ခြင်နိုင်စွမ်း ရှိသူများဖြစ်လာပြီး စိတ်ရောကိုယ်ပါ ဖွံ့ဖြိုးကြီးထွားမှုအားကောင်းကာ လောကအလယ်တွင် လူကောင်းလူတော်များအဖြစ် ရပ်တည်လာကြပေလိမ့်မည်။

အမှန်တကယ်လည်း ကျွန်မတို့ပတ်ဝန်းကျင်ရှိ ကလေးငယ်များ၏ စိတ်ဓာတ်ရေးရာ၊ စရိုက်လက္ခဏာများကို လက်လှမ်းမီသရွေ့ လေ့လာကြည့်လျှင် မွေးပြီးစမှ နှစ်နှစ် သုံးနှစ်အထိ မိခင်နို့တိုက်ကျွေးခံရသည့် ကလေးနှင့်မခံခဲ့ရသည့် ကလေးအုပ်စု နှစ်စု၏ ကွာဟမှုများကို ရှင်းလင်းစွာ တွေ့မြင်နိုင်ကြမည်ဖြစ်သည်။ တချို့သော မိခင်များအနေဖြင့် မိမိတို့၏ အလှအပပျက်ယွင်းမည်ကို စိုးရိမ်စိတ်ဖြင့် မိခင်နို့တိုက်ရန် ငြင်းဆန်ရှောင်လွှဲတတ်ကြသည်။ မိခင်မှ မိမိရင်သွေးငယ်အား မိမိနို့ချိုကိုသာ တိုက်ကျွေးလိုသော ဆန္ဒပြင်းပြမှုသည် အလွန်အရေးပါပေသည်။ လုပ်ငန်းခွင်မှ မိခင်များအနေဖြင့်ပင် အလုပ်မသွားမီ ကလေးကို နို့ အဝတိုက်ကျွေး၍ အလုပ်သွားနေစဉ် သောက်စို့နိုင်ရန် နို့ကိုညှစ်ထုတ်၍ ထားပေးနိုင်သေးသည်။ မိခင်နို့သည် အခန်းအပူချိန်တွင် ၁၀ နာရီခန့်ထိ အထားခံပြီး ရေခဲသေတ္တာထဲတွင် သိမ်းထားလျှင် ၂၄ နာရီမျှ ခံနိုင်သောကြောင့် မိခင်၏ ကျန်းမာရေးတစ်စုံတစ်ရာ အကြောင်းမရှိလျှင် မိခင်များအနေဖြင့် မိမိရင်သွေးငယ်များအတွက် နို့ချိုတိုက်ကျွေးနိုင်ရန် အလေးဂရုပြုကြရပေမည်။

ထို့ကြောင့်ပင် **ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ်လှုပ်ရှားမှု၏ ရည်မှန်းချက်များဖြစ်သော နို့တိုက်မိခင်များအား မိခင်နို့တိုက်ကျွေးနိုင်ရန် ကူညီပေးခြင်းသည် မိခင်များအတွက် မရှိမဖြစ် လိုအပ်ပေသည်။ မိခင်နို့တိုက်ကျွေးရေး အကျိုးကျေးဇူးဆိုင်ရာများနှင့် ခေတ်မီသော သတင်းအချက်အလက်များကို ကိုယ်ဝန်ဆောင်မိခင်များနှင့် နို့တိုက်မိခင်များ သိရှိနိုင်စေရန် ဆောင်ရွက်ကြရပါမည်။ နို့တိုက်မိခင်များနှင့် ဆက်နွယ်နေသည့် မိသားစုအသိုင်းအဝိုင်း လုပ်ငန်းခွင် ကျန်းမာရေး စောင့်ရှောက်မှုပေးသူများကလည်း မိခင်တိုင်း မိခင်နို့ တိုက်ကျွေးနိုင်စေရန် ဝိုင်းဝန်းကူညီ ပံ့ပိုးပေးကြရမည်ဖြစ်သည်။**

မိခင်နှင့်ရင်သွေးဟူသည် လူ့အဖွဲ့အစည်းတစ်ရပ်လုံး၏ ရတနာပင် ဖြစ်သည်။ **"ရင်သွေးကျန်းမာ အနာဂတ်ချမ်းသာ"**ဆိုသည့်အတိုင်း ကလေးငယ်များသည် မိသားစု၏ အနာဂတ်၊ နိုင်ငံတစ်နိုင်ငံ၏ အနာဂတ်၊ ကမ္ဘာလောက၏အနာဂတ်များပင်ဖြစ်ရာ ကျန်းမာသောပတ်ဝန်းကျင်နှင့် ကျန်းမာသောမိသားစုဘဝများ ဖန်တီးနိုင်မှသာ သာယာလှပသော လူ့ဘောင်ဘဝကြီးကို တည်ဆောက်နိုင်ပေလိမ့်မည်။

သို့ဖြစ်ရာ မိခင်တိုင်း၏နှလုံးသားမှ ယိုစီးကျလာသော အဖြူရောင် သွေးရည်ကြည်တို့သည် အေးမြသည့် ချစ်ခြင်းမေတ္တာများ ပြည့်လျှမ်းနေသည့် မေတ္တာရေစင် (သို့မဟုတ်) မိခင်နို့ရည်များအဖြစ် ထာဝရတသွင်သွင် စီးဆင်းနေမည်သာဖြစ်ရာ ရင်သွေးငယ်ဘဝ အစဉ်လှပစေဖို့ မိခင်နို့စနစ်တကျ တိုက်ကျွေးဖို့ ဝိုင်းဝန်းကူညီပံ့ပိုးကြပါစို့ဟူ၍ တိုက်တွန်း ရေးသားလိုက်ရပါသည်။ ။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ
ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ တက်ရောက်အမှာစကားပြောကြား

ရန်ကုန် ဩဂုတ် ၅

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဩဂုတ် ၄ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် အုတ်ပုံဆိပ်လမ်းရှိ မီးသတ်ဦးစီးဌာန (ရုံးချုပ်) သီတာခန်းမ၌ ကျင်းပရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ တက်ရောက်၍ အမှာစကား ပြောကြားသည်။

ဝန်ကြီးက အမှာစကားပြောကြားရာတွင် ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများသည် လူမှုရေးတာဝန်များကို ထမ်းဆောင်နေသည့် ဌာနများဖြစ်သည့်အတွက် တာဝန်များထမ်းဆောင်ရာတွင် နိုင်ငံတော်၏ လူမှုရေးဦးတည်ချက် (၄)ရပ်၊ ဝန်ကြီးဌာန၏ရည်ရွယ်ချက်(၅)ရပ်တို့နှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်သွားရမှာဖြစ်ကြောင်း၊ လူမှုရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အခြားသောဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်မှသာ လုပ်ငန်းများအောင်မြင်မှာဖြစ်ကြောင်း၊ လူမှုရေးလုပ်ငန်းများသည် မြင့်မြတ်သည့် လုပ်ငန်းများဖြစ်၍ စိတ်ရင်းစေတနာကောင်းဖြင့် တာဝန်ဝတ္တရားများကို ကျရာအခန်းကဏ္ဍမှ ကျေပွန်စွာ ဆောင်ရွက်သွားကြရန် လိုကြောင်း၊ အစိုးရမဟုတ်သော လူမှုရေးအသင်းအဖွဲ့များ၊ နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်သွားကြရမှာဖြစ်ကြောင်းဖြင့် အကျယ်တဝင့် ပြောကြားသည်။

ယင်းနောက် ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များက မိမိတို့ ဦးစီးဌာနများ၏ ရည်မှန်းချက်များနှင့် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းတာဝန်များကို ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

ဆက်လက်၍ လူမှုဝန်ထမ်း၊ ကယ် ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်က ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများ၏ ရှင်းလင်းတင်ပြချက်များအပေါ် ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များကို ဖြည့်စွက်မှာကြားသည်။

ထို့နောက် ဦးစီးဌာနအလိုက် သင်တန်းကျောင်းများမှ ကျောင်းအုပ်ကြီးများနှင့် ပြည်နယ်နှင့်တိုင်း မီးသတ်ဦးစီးဌာနမှူးများက မိမိတို့ သင်တန်းကျောင်းနှင့် ပြည်နယ်နှင့်တိုင်းအလိုက် ဆောင်ရွက်ခဲ့ကြသည့်လုပ်ငန်းဆောင်ရွက်ချက်များအပေါ် တွေ့ကြုံရသော အားသာချက် အားနည်းချက်များကို ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ဝန်ကြီးက နိဂုံးချုပ် အမှာစကားပြောကြားပြီး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

ယင်းနောက် ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးများကို ဦးစီးဌာနအလိုက် ဆက်လက်ကျင်းပကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာ ချထားရေးဝန်ကြီးဌာန၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။

(လူမှုဝန်ထမ်း)

Cyclone Resistant Building
ဗိသုကာဒီဇိုင်းပြိုင်ပွဲ ဖိတ်ခေါ်

ရန်ကုန် ဩဂုတ် ၅

မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းနှင့် မြန်မာနိုင်ငံဗိသုကာအသင်းတို့ ပူးပေါင်းဦးဆောင်မှုဖြင့် ဆိုင်ကလုန်းမုန်တိုင်းဒဏ် ခံနိုင်ရည်ရှိသော အဆောက်အအုံဒီဇိုင်းပြိုင်ပွဲကို ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ပြိုင်ပွဲတွင် အဆောက်အအုံဒီဇိုင်းသုံးမျိုး သတ်မှတ်ပြီး လူဦးရေ ၆၀၀၊ ၃၀၀၊ ၁၀၀ ဆံ့ အဆောက်အအုံဒီဇိုင်းများဖြစ်သည်။ ဒီဇိုင်းတစ်မျိုးစီအတွက် ပထမဆု ငွေကျပ်၁၀သိန်း၊ ဒုတိယဆု ငွေကျပ်ငါးသိန်းနှင့် အထူးဆုများကို ချီးမြှင့်မည်ဖြစ်သည်။ ပြိုင်ပွဲဝင်မည့် အဖွဲ့တိုင်းတွင် မြန်မာနိုင်ငံဗိသုကာအသင်းဝင် ဗိသုကာ (B.Arch) ဘွဲ့ရတစ်ဦးနှင့် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းဝင် မြို့ပြအင်ဂျင်နီယာ (B.E Civil) ဘွဲ့ရတစ်ဦးတို့ ပါဝင်ရမည်ဖြစ်သည်။ လှိုင်နယ်မြေအတွင်းရှိ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း အဆောက်အအုံ၌ ဩဂုတ် ၁ ရက်မှ ၈ ရက်အထိ လျှောက်လွှာပုံစံနှင့် ပြိုင်ပွဲဝင်စည်းမျဉ်းစည်းကမ်းများ ရယူ၍ ပြိုင်ပွဲဝင်ခွင့် မှတ်ပုံတင်ခြင်းကို ရုံးချိန်အတွင်း ဆောင်ရွက်ပေးမည်ဖြစ်သည်။ အသေးစိတ် အချက်အလက်များကို ဒီဇိုင်းပြိုင်ပွဲ ကျင်းပရေးကော်မတီ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း ဖုန်း-၅၁၉၆၇၃-၆ သို့ ဆက်သွယ်စုံစမ်းနိုင်သည်။

အဆိုပါအဆောက်အအုံများကို နာဂစ်မုန်တိုင်းဒဏ်ခံရသော ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသတွင် ဆောက်လုပ်သွားမည်ဖြစ်ပြီး မုန်တိုင်းတိုက်ခတ်နေစဉ်အတွင်း လူအများ ဘေးရန်ကင်းစွာ နားခိုရာဖြစ်မည့် အဆိုပါ အဆောက်အအုံများသည် သာမန်ချိန်တွင် စာသင်ကျောင်း၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ ဓမ္မာရုံ၊ ဇရပ် စသည့် လူမှုရေး၊ ဘာသာရေး၊ ပညာရေးကိစ္စများအတွက် အသုံးပြုနိုင်မည်ဖြစ်ကြောင်း၊ ဤဒီဇိုင်းပြိုင်ပွဲ ဖြစ်မြောက်ရေးအတွက် ထွန်းဖောင်ဒေးရှင်းနှင့် UN Habitat တို့က ပူးပေါင်းကူညီကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

Concordia International Co., Ltd
နေပြည်တော်အရောင်းစင်တာနှင့် ရုံးခန်းသစ်ဖွင့်ပွဲ အခမ်းအနားကျင်းပ

နေပြည်တော် ဩဂုတ် ၅

Concordia International Co., Ltd နေပြည်တော် အရောင်းစင်တာနှင့် ရုံးခန်းသစ်ဖွင့်ပွဲ အခမ်းအနားကို ဩဂုတ် ၄ ရက် နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ သီရိရတနာအဆင့်မြင့်ဈေး (Shopping Complex)ရှိ Concordia International Co., Ltd. ရုံးသစ်တည်ရှိရာ အဆောက်အအုံအမှတ် (၁၄၄) ၌ ကျင်းပရာ နေပြည်တော် စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူများ၊ နေပြည်တော်ရှိ ဆောက်လုပ်ရေးကုမ္ပဏီနှင့် ဟိုတယ်လုပ်ငန်းရှင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တက်ရောက်လာကြသူများသည် Concordia International Co., Ltd ၏ အရောင်းစင်တာနှင့် ရုံးခန်းသစ်အတွင်း ခင်းကျင်းပြသထားသည့် အရောင်းပစ္စည်းများအား ကြည့်ရှုကြပြီး သိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

ခင်းကျင်းပြသထားသော ပစ္စည်းများမှာ Fuji Xerox အမှတ်တံဆိပ်ရုံးလုပ်ငန်းသုံး ကာလာမိတ္တူစက်များ၊ ကာလာလေဆာ ပရင်တာများ၊ ကာလာ Scanner များ၊ ဘက်စုံသုံး အဖြူအမည်း မိတ္တူကူးစက်များ၊ Faxmachine များ၊ Projector များ၊ Electronic copyboard များ၊ ကျန်းမာရေးနှင့် ဆေးရုံလုပ်ငန်းသုံး ပစ္စည်းများဖြစ်သော ဆီး/သွေးချိုတိုင်းကိရိယာများ၊သွေးပေါင်တိုင်းစက်များ၊မျက်စိပါဝါတိုင်းစက်များ၊မျက်စိအခုံးတိုင်းစက်များ၊ နှလုံးစမ်းသပ်စက်များ၊နှလုံးခုန်နှုန်း/သွေးပေါင်ချိန်တိုင်းစက်များ၊အင်အားပြည့်အာဟာရမှုန့်များ၊ ဆောက်လုပ်ရေးလုပ်ငန်းသုံး မြေတိုင်းပစ္စည်းများဖြစ်သည့် ဂျပန်နိုင်ငံထုတ် Topcon အမှတ် တံဆိပ် Geodetic Total Station များ၊ Differential GPS များ၊ Digital Theodolite များ၊ Digital Level, Auto Level များ၊ Garmin အမှတ်တံဆိပ် ကုန်းကြောင်း၊ ရေကြောင်း၊ လေကြောင်းသုံး GPS များ၊ Ohaus အမှတ်တံဆိပ် ဒီဂျစ်တယ်ချိန်ခွင်များ၊ ELE အမှတ်တံဆိပ် မြို့ပြတည်ဆောက်ရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ပစ္စည်းများကို ခင်းကျင်းပြသ ရောင်းချလျက်ရှိသည်။

အဆိုပါ ခင်းကျင်းပြသ ရောင်းချလျက်ရှိသောပစ္စည်းများအားလုံးအတွက် အနည်းဆုံး တစ်နှစ်အာမခံပေးထားပြီး စက်တစ်စုံတစ်ရာ ချွတ်ယွင်းပါက အလွယ်တကူ ပြန်လည်ပြင်ဆင်နိုင်ရန်ကိုလည်း နေပြည်တော်ရှိ သီရိရတနာအဆင့်မြင့်ဈေး၊ အမှတ် (၁၄၄) ကုမ္ပဏီရုံးခန်း ဖုန်း-၀၆၇-၄၂၀၈၁၉ ၌ ဖွင့်လှစ်ထားရှိပြီး Concordia International Co., Ltd. ၏ နေပြည်တော် အရောင်းစင်တာနှင့် ရုံးခန်းသစ်ဖွင့်ပွဲကို ဩဂုတ် ၅ ရက်တွင်ဆက်လက်ကျင်းပကြောင်းသိရသည်။ (သတင်းစဉ်)

Concordia International Co., Ltd. ၏ နေပြည်တော် အရောင်းစင်တာနှင့် ရုံးခန်းသစ်ဖွင့်ပွဲကို နေပြည်တော်ရှိ သီရိရတနာ အဆင့်မြင့်ဈေး အဆောက်အအုံ အမှတ် (၁၄၄) ၌ ကျင်းပရာ ခင်းကျင်းပြသထားသည့် အရောင်း ပစ္စည်းများကို ဖိတ်ကြားထားသူများ ကြည့်ရှုကြစဉ်။

(သတင်းစဉ်)

တရားရုံးချုပ်(နေပြည်တော်)အထူးအယူခံမှု စီရင်ချက်ချမှတ်

နေပြည်တော် ဩဂုတ် ၅

တရားရုံးချုပ်(ရန်ကုန်) ဒုတိယတရားသူကြီးချုပ် ဦးသိန်းစိုး၊ တရားရုံးချုပ်(ရန်ကုန်) တရားရုံးချုပ် တရားသူကြီးများဖြစ်ကြသော ဦးခင်မြင့်နှင့် ဦးတင်အေးတို့ပါဝင်သော အထူးအယူခံခုံရုံးသည် ဩဂုတ် ၄ ရက် နံနက် ၁၀ နာရီတွင် တရားရုံးချုပ်(နေပြည်တော်) တရားခွင်အမှတ်(၁)၌ ရုံးထိုင်၍ ပြစ်မှုဆိုင်ရာ အထူးအယူခံမှုခြောက်မှုကို စီရင်ချက်ချမှတ်သည်။ ထို့ပြင် ၂၀၀၀ ပြည့်နှစ် တရားစီရင်ရေးဥပဒေပုဒ်မ (၇)အရ တင်သွင်းသည့် တရားမအထူး အယူခံမှုလေးမှုကို ကြားနာကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပေးအပ်လှူဒါန်း

ရန်ကုန်မြို့ သယ်န်းကျွန်းမြို့နယ် ကျိုက္ကစံစေတီတော် ဘက်စုံပြုပြင် မွမ်းမံရေးအတွက် မိခင်ကြီးဒေါ်မြသွင်အား အမှူးထား၍ ဦးတင့် လွင်-ဒေါ်ရီရီထွေး မိသားစု (အင်းစိန်မြို့နယ်၊ အဝေရာလမ်း) က ငွေကျပ် ၂၅၀၀၀၀၀ ကို စေတီတော်ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးတင်ရွှေ၊ အဖွဲ့ဝင် ဦးမြင့်သိန်းနှင့် ဦးကြည်မောင်တို့ထံ ပေးအပ်လှူဒါန်းစဉ်။

(ကြေးမုံ)

❐ ရှေ့ဖုံးမှ

ဆက်လက်၍ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များက ကဏ္ဍအလိုက်ရှင်းလင်းတင်ပြကြရာ တိုင်းမှူးက ဖြည့်စွက်ရှင်းလင်းတင်ပြပြီး ဗိုလ်ချုပ်အုန်းမြင့်က လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် ဗိုလ်ချုပ်အုန်းမြင့်၊ တိုင်းမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက စာရေးကိရိယာများ၊ ဆေးဝါးများ၊ အားကစားဝန်ကြီးဌာနမှ ပေးပို့လှူဒါန်းသော အားကစားပစ္စည်းများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များအတွက် ဝတ်စုံစရိတ် ထောက်ပံ့ငွေများကို တာဝန်ရှိသူများထံ ပေးအပ်ကြသည်။

ထို့နောက် ဗိုလ်ချုပ်အုန်းမြင့်က ဌာနဆိုင်ရာတာဝန်ရှိသူများအနေဖြင့် မိမိတာဝန်ယူရသည့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြရန် လိုကြောင်း၊ နိုင်ငံတော်က ဒေသ၏ ပညာရေး၊ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် စီးပွားရေး စသည့် ကဏ္ဍစုံ ဖွံ့ဖြိုးတိုးတက်မှုများကို အထောက်အကူပြုစေသည့် အခြေခံလိုအပ်ချက်များစွာကို ဆောင်ရွက်ပေးလျက်ရှိရာ နိုင်ငံတော်၏စေတနာနှင့် ဆောင်ရွက်ပေးမှုများအပေါ် နားလည်သဘောပေါက်ခံယူပြီး မိမိဒေသတစ်စတစ်စ ဖွံ့ဖြိုးတိုးတက်သည်ထက် တိုးတက်နေအောင် ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများ၏ စည်းရုံးဦးဆောင်ကြိုးကြပ်မှု၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၏ စီမံခန့်ခွဲမှုနှင့် ဒေသခံပြည်သူများ၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှုတို့ဖြင့် ကြိုးပမ်းအားထုတ် လုပ်ကိုင်သွားကြရန်လိုကြောင်း မှာကြားသည်။

ထိုမှတစ်ဆင့် ဗိုလ်ချုပ်အုန်းမြင့်သည် တိုင်းမှူး၊ အဖွဲ့ဝင်များနှင့်အတူ စစ်ကိုင်းမြို့တွင်းသို့ မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှု စစ်ဆေးကြပြီး ရာဇမဏိစူဠာကောင်းမှုတော် မဟာစေတီတော်ကြီးသို့ ရောက်ရှိရာ ဗိုလ်ချုပ်အုန်းမြင့်က ဘုရားကြီးအား ပန်း၊ ရေချမ်းတို့ဖြင့် ကပ်လှူဖူးမြော် ကြည်ညိုပြီး ဘုရားကြီးဘက်စုံပြုပြင်မွမ်းမံရန် အလှူငွေများ ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ဗိုလ်ချုပ်အုန်းမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ည ၇ နာရီခွဲတွင် မြင်းမူမြို့သို့ ရောက်ရှိကြပြီး မြင်းမူမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ရွှေပြည်သစ်ခန်းမ၌ ဌာနဆိုင်ရာ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံ မြို့မိမြို့ဖများအား တွေ့ဆုံရာ ရှေးဦးစွာ မြင်းမူမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်သောင်းက မြို့နယ်ဆိုင်ရာအချက်အလက်များကို ရှင်းလင်းတင်ပြရာ တိုင်းမှူးက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။ ထို့နောက် ဗိုလ်ချုပ်အုန်းမြင့်က လိုအပ်သည်များကို မှာကြားပြီး မြို့နယ်ပြည်သူ့ဆေးရုံအတွက် ကျန်းမာရေးသုံးပစ္စည်းများ ပေးအပ်လှူဒါန်းသည်။ ယင်းနောက် ဗိုလ်ချုပ်အုန်းမြင့်ကိုယ်စား တိုင်းမှူးက မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းနှင့် မြို့နယ် အမျိုးသမီးရေးရာအဖွဲ့တို့အတွက် ငွေကျပ် ၁၀ သိန်းစီ၊ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့အတွက် ငွေကျပ်ငါးသိန်းနှင့် ကြက်ခြေနီ၊ မီးသတ်တပ်ဖွဲ့ဝင်များအတွက် ဝတ်စုံစရိတ်ထောက်ပံ့ငွေများကို တာဝန်ရှိသူများထံ ပေးအပ်ကြသည်။

ယင်းနောက် ဗိုလ်ချုပ်အုန်းမြင့်က ဌာနဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် ဒေသဖွံ့ဖြိုးရေးအတွက် ဒေသခံပြည်သူများနှင့် လက်တွဲကြိုးပမ်း ဆောင်ရွက်ရေးတို့နှင့်စပ်လျဉ်း၍ အကျယ်တဝင့် ရှင်းလင်းမှာကြားကာ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

ထိုမှတစ်ဆင့် ဗိုလ်ချုပ်အုန်းမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် မုံရွာမြို့သို့ ရောက်ရှိကြသည်။ (သတင်းစဉ်)

ပုဂံမြို့ သဗ္ဗညုစေတီတော်ကြီး ဒုတိယအကြိမ် ရွှေသင်္ကန်းဆက်ကပ်လှူဒါန်းခြင်း အလှူတော်မင်္ဂလာတွင် ကုသိုလ်ပါဝင်လှူဒါန်းကြပါရန် နှိုးဆော်

နေပြည်တော် 　 ဩဂုတ် 　 ၅

ပုဂံမြို့ဟောင်း ဉာဏ်တော် ၂၀၁ ပေရှိ သဗ္ဗညုစေတီတော်ကြီးအား ဒုတိယအကြိမ် ရွှေသင်္ကန်းဆက်ကပ် လှူဒါန်းခြင်းကို ဆောင်ရွက်နေပြီဖြစ်ရာ ရွှေသင်္ကန်းအလှူတော်မင်္ဂလာတွင် ကုသိုလ်ပါဝင်လှူဒါန်းနိုင်ရန်အတွက် အောက်ပါနေရာများသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း နှိုးဆော်ထားသည်-

သဗ္ဗညုကျောင်း၊ ပုဂံမြို့	-	**ဖုန်း-၀၆၁-၆၀၀၈၈**
သဗ္ဗညုစေတီတော်၊ ဂေါပကအဖွဲ့၊ ပုဂံမြို့	-	**ဖုန်း-၀၆၁-၆၀၈၅၄**
ဦးစံရွှေအောင်၊ ရုံးအဖွဲ့မှူး၊ ဝန်ကြီးရုံး၊ ဆက်သွယ်ရေး စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန၊ နေပြည်တော်	-	**ဖုန်း-၀၆၇-၄၀၇၁၅၈**

(သတင်းစဉ်)

သီရိမင်္ဂလာဓမ္မာရုံ မြေသန့်မင်္ဂလာနှင့် ပန္နက်တင်မင်္ဂလာ ကျင်းပ

ရန်ကုန် ဩဂုတ် ၅

သီရိမင်္ဂလာဓမ္မာရုံ မြေသန့်မင်္ဂလာ အခမ်းအနားကို ဩဂုတ် ၄ ရက် ညနေပိုင်းတွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ် ရွာမအနောက်ရပ်ကွက် နယ်မြေ(၈)၌ ကျင်းပပြီး ပန္နက်တင် မင်္ဂလာအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ကျင်းပရာ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ဓမ္မာရုံဖြစ်မြောက်ရေးအဖွဲ့ ဩဝါဒါစရိယ အင်းစိန်မြို့ ရွာမပရိယတ္တိစာသင်တိုက် ပဓာနနာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တတိလောကာဘိဝံသ ဦးဆောင်သော ပင့်သံဃာတော်များကြွရောက်၍ မင်္ဂလာ ပန္နက်တင်ပေးသည်။

ဓမ္မာရုံတည်ဆောက်ရေးအတွက် ပါဝင်ကုသိုလ်ယူ လှူဒါန်းလိုသူများသည် ဓမ္မာရုံဖြစ်မြောက်ရေးအဖွဲ့ ဘဏ္ဍာရေးမှူး ဦးကျော်ဝင်းလှိုင် ဖုန်း-၆၄၂၉၃၅၊ အတွင်းရေးမှူး ဦးသိန်းငွေ ဖုန်း-၀၉၅၀၆၂၁၆၀ နှင့် ဒုတိယဥက္ကဋ္ဌ ဦးဘိုကြည် (ဒေါက်တာ ဗိုလ်သံမဏိ-တောင်တွင်းကြီး) ဖုန်း-၇၀၀၈၂၀ တို့ထံ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကျိုက်မရောမြို့နယ်အသင်း(ရန်ကုန်)၏ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ဇူလိုင် ၂၇ ရက်က ရန်ကုန်မြို့ ဗိုလ်တထောင်ဘုရားအနီးရှိ မွန်ပရိယတ္တိစာသင်တိုက်၌ ကျင်းပရာ မြောက်ဥက္ကလာပမြို့နယ် သီရိမင်္ဂလာမွန်ကျောင်းဆရာတော် ဘဒ္ဒန္တသီရိ အမှူးပြုသော ကျိုက်မရောမြို့နယ်ဖွား ဆရာတော် သံဃာတော်များအား အသင်းသူ၊ အသင်းသားများက ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြစဉ်။ (ကြေးမုံ)

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်၊ အလှူရှင် HTOO Group of Companies ဥက္ကဋ္ဌ ဦးတေဇနှင့် ဝန်ထမ်းများ၊ တာဝန်ရှိသူများက ဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြစဉ်။ (ကြေးမုံ)

ဘိုကလေးမြို့နယ် ကြိမ်ချောင်းကြီး စံပြကျေးရွာသစ်ရှိ တိလောကမာရဇိန်စေတီတော် ဗုဒ္ဓါဘိသေက အနေကဇာတင်

ရန်ကုန် 　 ဩဂုတ် 　 ၅

မုန်တိုင်းဒဏ်ခံ ဧရာဝတီတိုင်း ဘိုကလေးမြို့နယ် ကြိမ်ချောင်းကြီးစံပြကျေးရွာသစ်ရှိ HTOO Trading Co., Ltd.၊ Air Bagan Co., Ltd. နှင့် အများပြည်သူများ တင်လှူပူဇော်သော တိလောကမာရဇိန်စေတီတော်ကြီး ဗုဒ္ဓါဘိသေကအနေကဇာတင် အခမ်းအနားကို ဩဂုတ် ၄ ရက် နံနက်ပိုင်းက အဆိုပါစေတီတော်၏ ရင်ပြင်တော်ပေါ်တွင် ကျင်းပသည်။

ရှေးဦးစွာ မဟာဝိသုတာရာမ ရတနာပုံစာသင်တိုက် ဦးစီးပဓာနနာယက မြို့နယ်သံဃနာယက တွဲဖက်အကျိုးတော်ဆောင် သာသနဓဇ သိရီပဝရ ဓမ္မာစရိယဆရာတော် ဒီဃဘာဏက ဒီဃနိကာယ ကောဝိဒထံမှ ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြသည်။ ယင်းနောက် သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်၊ အလှူရှင် HTOO Group of Companies ဥက္ကဋ္ဌ ဦးတေဇနှင့် ဝန်ထမ်းများ၊ တာဝန်ရှိသူများက ဆရာတော် သံဃာတော်များထံ လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ HTOO Group of Companies ဥက္ကဋ္ဌ ဦးတေဇက မုန်တိုင်းဒဏ်ခံ ကြိမ်ချောင်းကြီးစံပြကျေးရွာသစ် ပြန်လည်ထူထောင်ရေးအတွက် အိမ်ထောင်စုတစ်စုလျှင် ငွေကျပ်တစ်သိန်းနှုန်းဖြင့် စုစုပေါင်း ငွေကျပ် ၃၈၈ သိန်းကို ပေးအပ်လှူဒါန်းရာ ကြိမ်ချောင်းကြီး စံပြကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးထွန်းအောင်ခိုင်က လက်ခံသည်။ ထို့နောက် ဆရာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းပြီး ကျေးရွာနေ ပြည်သူများအတွက် ဒံပေါက်များ ဝေငှပေးသည်။

ဝန်ကြီးနှင့် တာဝန်ရှိသူများသည် ကြိမ်ချောင်းကြီးကျေးရွာရှိ ပြည်သူများ နေထိုင်ရန်အတွက် HTOO Trading Co., Ltd. နှင့် Air Bagan Co.,Ltd. တို့မှ တည်ဆောက်ပေးထားသည့် နေအိမ်များကို ကြည့်ရှုစစ်ဆေးကြသည်။ HTOO Trading Co.,Ltd. နှင့် Air Bagan Co.,Ltd. သည် မုန်တိုင်းဒဏ်ခံ ဘိုကလေးမြို့နှင့် ကျေးရွာများ ပြန်လည်ထူထောင်ရေးနှင့် ကယ်ဆယ်ရေး လုပ်ငန်းများကို မေလဆန်းပိုင်းမှ စတင်ဆောင်ရွက်ခဲ့ပြီး မုန်တိုင်းဒဏ်ကြောင့်ပျက်စီးခဲ့သော အခြေခံပညာကျောင်းများ၊ ဌာနဆိုင်ရာ ရုံးများ၊ သာသနိက အဆောက်အအုံများနှင့် ပြည်သူ့ဆေးရုံ၊ တံတားများအား ပြန်လည်ပြုပြင်ပေးကာ ယာယီစာသင်ကျောင်းများ၊ ကျေးလက်ဆေးခန်းများ၊ ကျေးလက်အိမ်များကို အသစ်တည်ဆောက်ပေးခဲ့သည်။ ထို့ပြင် ရေသန့်စက်ရုံ တည်ဆောက်၍ ရေများလှူဒါန်းပေးခြင်း၊ ကျန်းမာရေး စောင့်ရှောက်ကုသပေးခြင်းနှင့် ဆေးဝါးများ လှူဒါန်းပေးခြင်း၊ လယ်ယာသုံးစက်ပစ္စည်းများနှင့် မျိုးစပါးများကို လှူဒါန်းပေးထားခြင်းများအပြင် မုန်တိုင်းဒဏ်ခံ Cyclone Shelter အဆောက်အအုံကိုလည်း ထပ်မံဆောက်လုပ်လှူဒါန်းနေကြောင်း သိရှိရသည်။ (ကြေးမုံ)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၆-၈-၂၀၀၈ (ဗုဒ္ဓဟူးနေ့)

AM & PM	
၇း၀၀ - ၁း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅ - ၁း၀၅	“ဖေဖေ့မေတ္တာ” တရားတော် (ဓညဝတီဆရာတော် အရှင်ဉာဏာဝရ)
၈း၁၀ - ၂း၁၀	Industrial Talk [ဒေါက်တာ မျိုးသန့်တင်၊ ဦးတင်အောင်ရွှေ(သုတေသီ)]
၈း၄၀ - ၂း၄၀	သီချင်းကောင်းကောင်း သီချင်းတောင်း
၉း၀၅ - ၃း၀၅	ပြည်တွင်းသတင်းအကျဉ်း
၉း၁၅ - ၃း၁၅	ရန်ကင်းမြို့ကျက်သရေဆောင် မိုးကောင်းဆုတောင်းပြည့်စေတီတော်မြတ်ကြီး
၉း၃၅ - ၃း၃၅	တေးဂီတအစီအစဉ်
၉း၄၀ - ၃း၄၀	ရွေးချယ်အစုံစုံရင်သွေးရိပ်မြုံ (NIEC International Education Center)
၉း၅၅ - ၃း၅၅	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၀၀ - ၄း၀၀	“လေ့လာမှတ်သားစရာ တိုင်းရင်းဆေးကုထုံးနည်းအဖြာဖြာ” (အနာပေါက်နှင့် အပ်စိုက်ကုသနည်း)
၁၀း၁၅ - ၄း၁၅	တေးဂီတအစီအစဉ်
၁၀း၂၀ - ၄း၂၀	ရွှေတောင်မြို့မှစည်းလုံးချည်
၁၀း၄၀ - ၄း၄၀	မိုးလေဝသခန့်မှန်းချက်
၁၀း၄၅ - ၄း၄၅	တေးဂီတအစီအစဉ်
၁၀း၅၀ - ၄း၅၀	Myanmar Video Rhythm
၁၁း၁၅ - ၅း၁၅	ပြည်တွင်းသတင်းအကျဉ်း
၁၁း၂၅ - ၅း၂၅	စက်မှုဇုန်ထွက် အရောင်းသွက် ဆန်းသစ်လှပ စိတ်တိုင်းကျ
၁၁း၄၅ - ၅း၄၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၅၀ - ၅း၅၀	တေးဂီတအစီအစဉ်
၁၁း၅၅ - ၅း၅၅	ပြည့်စုံကောင်းမွန်သောဘဝနှင့် စိတ်ကိုအသုံးချခြင်း စကားဝိုင်း (ဆရာနန္ဒာသိန်းဇံ၊ ဆရာချစ်ဦးညို၊ဆရာစံ-ဇာဏီဘိုနှင့် ဦးကျော်ဟိန်း)
၁၂း၃၀ - ၆း၃၀	KMD မှ NEC မိတ်ဆက်ပွဲ
၁၂း၄၀ - ၆း၄၀	တေးဂီတအစီအစဉ်
၁၂း၄၅ - ၆း၄၅	Midweek Sports News
၁း၀၀ - ၇း၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Beijing Olympic 2008 အားကစားပြိုင်ပွဲအစီအစဉ်

ညနေ	အကြောင်းအရာ	ပြသမည့်လိုင်း
၃း၃၀	**Beijing Olympic 2008** အားကစားပြိုင်ပွဲအစီအစဉ်များ	MRTV-4(Live)

အတည်ပြုချိန် ၂း၂၅

✻ နိုင်ငံတော်မှ

နိုင်ငံတကာ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး မျက်နှာစာအသီးသီးမှာ မိမိတို့၏ အမျိုးသားရေး အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်မြှင့်တင်ရင်း မိမိနိုင်ငံ မိမိလူမျိုး တိုးတက်ကြီးပွားရေးအတွက် အပြိုင်အဆိုင်ကြိုးပမ်းဆောင်ရွက်နေကြသည့် အချိန်ကာလဖြစ်ကြောင်း၊ ယင်းသို့သော အချိန်အခါမျိုးတွင် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိနိုင်ငံသူ၊ နိုင်ငံသား ပြည်သူများ၏ အသိပညာ၊ အတတ်ပညာစွမ်းအားဖြင့် ကြိုးပမ်းဆောင်ရွက်နိုင်စေရန် ပိုမိုလိုအပ်လာသည်နှင့်အမျှ ပညာရေးကဏ္ဍ၏ လုပ်ငန်းတာဝန်များသည်လည်း ပိုမိုကြီးလေးလာသကဲ့သို့ ပိုမိုပြီးအရေးပါလာလျက်လည်းရှိကြောင်း။

ထို့ကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် အခြေအနေ အချိန်အခါနှင့် လျော်ညီစွာ အမျိုးသားပညာရေး မြှင့်တင်မှုအစီအမံများကို မွန်မြတ်မြင့်မားသည့် ရည်မှန်းချက်များထားရှိပြီး စနစ်တကျ ချမှတ်ကြိုးပမ်းဆောင်ရွက်နေခြင်းဖြစ်ကြောင်း။

ပညာရေးကဏ္ဍ၏ မွန်မြတ်မြင့်မားသည့်ရည်မှန်းချက်များ အောင်မြင်ပြည့်မြောက်စေရေးတွင်ပညာရေးမူဝါဒများ မှန်ကန်စေရန် လက်တွေ့ကျပြီး ထိရောက်သည့်လုပ်ငန်းစဉ်များရှိစေရန် လိုအပ်သည့်အပြင် အခြေခံအဆင့်၌ အကောင်အထည်ဖော်ဆောင်ရွက်နေကြသည့်ဆရာ၊ဆရာမများ၏ စိတ်ရောကိုယ်ပါ ကြိုးပမ်းဆောင်ရွက်မှုများသည်လည်း ပဓာနကျသည့် အခန်းကဏ္ဍမှာ ရှိနေကြောင်း။

တစ်နည်းအားဖြင့် ဆရာ၊ ဆရာမများ၏ အခြေခံအကျဆုံးဖြစ်သည့် နိစ္စဓူဝ လုပ်ငန်းတာဝန်ဆောင်ရွက်မှုများသည် အမျိုးသားပညာရေး ဆိုင်ရာ မျှော်မှန်းချက်များ အောင်မြင်ပြည့်မြောက်စေရေးအပေါ် စေ့ဆော်ဖန်တီးပေးနိုင်သည့် အခြေအနေရှိနေကြောင်း။

ထို့ကြောင့် ဆရာ၊ဆရာမများအနေဖြင့် မိမိတို့၏လုပ်ငန်းတာဝန်များကို ကျေပွန်စေရုံသာမက နိုင်ငံတော်၏ ပညာရေးဆိုင်ရာရည်မှန်းချက်များ၊ လုပ်ငန်းစဉ်များ ထိရောက်အောင်မြင်စေရအောင် စေတနာရှေ့ထားပြီး တီထွင်ကြံဆ ကြိုးပမ်းဆောင်ရွက်ကြပါဟု တိုက်တွန်းပြောကြားလိုကြောင်း။

ပညာရေးကဏ္ဍ၏ လှုပ်ရှားဆောင်ရွက်မှုများသည် ထုထည်ပမာဏကြီးမားသကဲ့သို့ အလွန်ကျယ်ဝန်းနက်ရှိုင်းလှသည့်အတွက် သိသာထင်ရှားသည့် အကျိုးသက်ရောက်မှုများရရှိစေရန် စောစီးစွာကြိုတင်စီမံဆောင်ရွက်ကြရသော သဘာဝရှိခြင်းကြောင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုနှင့် အနာဂတ်အလားအလာများကို မျှော်တွေးရှုမြင်သုံးသပ်ပြီး လိုက်လျောညီထွေဖြစ်မည့် အစီအမံများကို ကြိုတင်ချမှတ်ဆောင်ရွက်ထားကြရန် လိုအပ်ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းရင်းသားစီးပွားရေးလုပ်ငန်းများကို အခြေခံပြီး နိုင်ငံ၏ စီးပွားရေးတိုးတက်ဖြစ်ထွန်းစေရအောင် အားပေးဆောင်ရွက်နေသည့်အတွက် တိုင်းရင်းသားစီးပွားရေးလုပ်ငန်းကြီးများ ပေါ်ထွန်းလာသကဲ့သို့ နိုင်ငံတကာနှင့်စီးပွားရေး၊ ကုန်သွယ်ရေး၊ ဘဏ္ဍာရေး၊ ဆက်သွယ်ဆက်ဆံမှုများလည်း တိုးပွားလာခြင်းကြောင့် နယ်ပယ်ကဏ္ဍစုံတွင် ခေတ်မီအတတ်ပညာ၊ နည်းပညာနှင့်ကျွမ်းကျင်မှုများလည်း ပိုမိုလိုအပ်လာလျက်ရှိကြောင်း။

ယင်းအခြေအနေများနှင့် တစ်ပြေးညီအသိဉာဏ်အခြေပြု စီးပွားရေးလုပ်ငန်းများ၊ သတင်းနှင့်ဆက်သွယ်ရေးဆိုင်ရာ စီးပွားရေးလုပ်ငန်းများ၊ ပညာရေးဝန်ဆောင်မှုလုပ်ငန်းများ ပေါ်ထွန်းလာသကဲ့သို့ စီးပွားရေး၊ ပညာရေး၊ ငွေရေးကြေးရေး၊ ဘဏ္ဍာရေး၊ နယ်ပယ်ကဏ္ဍအသီးသီး၏ လုပ်ငန်းဆောင်တာများမှာ အဆင့်မြင့်နည်းပညာများ၊ ခေတ်မီ စီမံခန့်ခွဲမှုပညာရပ်များ၊ အီလက်ထရွန်နစ်ဆက်သွယ်ရေးစနစ်များကို အသုံးပြုနိုင်သည့် အရည်အသွေးနှင့်ကျွမ်းကျင်မှုသည်လည်း အခြေခံလိုအပ်ချက်ဖြစ်လာနေပြီဖြစ်ကြောင်း။

ဤအခြေခံ အရည်အသွေးများပိုင်ဆိုင်မှုနှင့်အတူအလုပ်အကိုင် အခွင့်အလမ်းကောင်းများ ဘဝရှေ့ရေး တိုးတက်ကြီးပွားနိုင်သည့် အလားအလာကောင်းများ ယှဉ်တွဲပါဝင်လာသည့်အတွက် ယနေ့မျိုးဆက်သစ်လူငယ်များ၏ ပညာရေးအပေါ် ယုံကြည်အားထားမှု၊ လေ့လာသင်ယူမှုများသည်လည်း တစ်ရှိန်ထိုး တိုးပွားလျက်ရှိနေပြီဖြစ်ကြောင်း။

ယင်းသို့ အခြေအနေ အချိန်အခါများနှင့်တစ်ပြေးညီ နိုင်ငံတော်အစိုးရ တက္ကသိုလ်၊ ကောလိပ်များတွင် ပညာရပ်အသစ်များ၊ ပေါင်းစပ်ပညာရပ်များ တီထွင်သင်ကြားပေးနေသကဲ့သို့တက္ကသိုလ်၊ကောလိပ်များ၏လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးဌာနများတွင်လည်း လုပ်ငန်းခွင်နှင့်ဆက်စပ်သည့် ပညာရပ်များကို သင်ကြားပေးလျက်ရှိနေပြီဖြစ်ကြောင်း။

ယင်းအခွင့်အလမ်းကောင်းများကို မိမိတို့၏တပည့် ကျောင်းသူ၊ ကျောင်းသားလူငယ်များ ပိုင်ပိုင်နိုင်နိုင်ဆုပ်ကိုင် အသုံးချနိုင်စေရအောင် လိုအပ်သည့်အရည်အသွေးနှင့် ကျွမ်းကျင်မှုကို အခြေခံပညာ ဆရာ၊ ဆရာမများက ကြိုတင်ပြင်ဆင်ပေးကြရမှာဖြစ်ကြောင်း။

ဖြစ်ထွန်းပွားများလာနေသည့် ပညာရေးဆိုင်ရာ အခြေခံကောင်း၊ အခွင့်အလမ်းကောင်းများ၊ မိမိတို့၏ဘဝ တိုးတက်ရာတိုးတက်ကြောင်း ရွေးချယ်လျှောက်လှမ်းနိုင်သည့် လမ်းအသွယ်သွယ် ပွင့်လန်းလာမှုများကို ကျောင်းသူ ကျောင်းသားလူငယ်များ ရယူအသုံးချနိုင်စေရအောင် ပြုစုပျိုးထောင်မပေးနိုင်ဘူးဆိုလျှင် လူငယ်များအတွက်သာမက နိုင်ငံတော်အတွက်ပါ နစ်နာဆုံးရှုံးရမှာအမှန်ပင်ဖြစ်ကြောင်း။

ထို့အပြင် နိုင်ငံတော်အဆင့်တွင်လည်းအဆင့်မြင့်အလုပ်ရုံ၊ စက်ရုံကြီးများ ပေါ်ထွန်းလာနေသကဲ့သို့ ဖွံ့ဖြိုးရေးစီမံကိန်းကြီးများကိုလည်း တိုးမြှင့်လုပ်ဆောင်နေသည့်အတွက် ကျွမ်းကျင်သော လူ့စွမ်းအား အရင်းအမြစ်များ အဆင့်တိုင်း အလွှာတိုင်းတွင် ပိုမိုလိုအပ်လာလျက်ရှိနေကြောင်း။

ယင်းသို့ နိုင်ငံအတွက် လိုအပ်နေသည့် အရည်အသွေးမြင့်မားသော အသိပညာရှင် အတတ်ပညာရှင်များ၊ ကျွမ်းကျင်လုပ်သားများ အဆင့်တိုင်းတွင် မွေးထုတ်နိုင်စေမည့် ဘက်စုံပညာရေးစနစ်ကို နိုင်ငံတော်က ထူထောင်ပေးထားပြီး ဖြစ်သည်နှင့်အညီ ဤပညာရေးစနစ် သက်ဝင်ရှင်သန် ဖွံ့ဖြိုးစေရအောင် ဆရာ၊ ဆရာမများက ဝိုင်းဝန်းထိန်းသိမ်းမြှင့်တင် ဆောင်ရွက်ပေးကြပါဟု တိုက်တွန်းပြောကြားလိုကြောင်း။

နိဂုံးချုပ်အနေဖြင့် ပြောကြားလိုသည်မှာ-

- **နည်းပညာ တိုးတက်မြင့်မားမှု စွမ်းအား၊ အမျိုးသားဓနအင်အား ပြည့်ဝခိုင်မာမှုစွမ်းအား၊ အမျိုးသား စည်းလုံးညီညွတ်မှုစွမ်းအား ကောင်းများ အစဉ်ထာဝရထက်မြက်အားကောင်းနေစေရအောင် ပညာရေးကဏ္ဍကတစ်ဆင့် ကြိုးပမ်းဆောင်ရွက်ပေးကြပါ။**
- **နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံနှင့်လူမျိုး ရှင်သန်ရပ်တည်နိုင်ရေးပြည်ထောင်စုကြီး အရှည်တည်တံ့ခိုင်မြဲရေးတို့အတွက် ကာကွယ်စောင့်ရှောက်နိုင်သည့် အမျိုးသားရေးစွမ်းအားဖြစ်သည့် တိုင်းရင်းသား စည်းလုံးညီညွတ်မှုကိုအခြေခံသော မျိုးချစ်စိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ်စွမ်းအားများ မိမိတို့၏ တပည့်ကျောင်းသူ၊ ကျောင်းသားလူငယ်များ၏ ရင်ထဲနှလုံးသားထဲမှာ အစဉ်အမြဲရှင်သန် နိုးကြားနေစေရအောင် လေ့ကျင့်ပျိုးထောင်ပေးကြပါ**

ဟု တိုက်တွန်းပြောကြားပြီး သင်တန်းဖွင့်ပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဝန်ကြီး ဦးသောင်းနှင့် အဖွဲ့ဝင်များသည် သင်တန်းသား၊ သင်တန်းသူ ဆရာ၊ ဆရာမများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

အဆိုပါသင်တန်းသို့ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့မှ သင်တန်းသား၊ သင်တန်းသူ အခြေခံပညာ ဆရာ၊ဆရာမ ၁၃၂၈ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာရက်သတ္တပါါးပတ်ကြာမြင့်မည်ဖြစ်သည်။

(သတင်းစဉ်)

လသာမြို့နယ်တွင် အရဏ်ဆွမ်းလောင်းလှူ

ရန်ကုန် ဩဂုတ် ၅

ရန်ကုန်အနောက်ပိုင်းခရိုင် လသာမြို့နယ် အထက်စဉ့်အိုးတန်းလမ်း၌ လမ်းသံဃာ့ဒါနအဖွဲ့က ကြီးမှူး၍ ဝါတွင်းသုံးလ တနင်္ဂနွေနေ့တိုင်း သံဃာတော်အပါး ၅၀၀အား ဆွမ်းဟင်း၊ ဆွမ်းထမင်း လောင်းလှူပွဲ ကျင်းပရာ တတိယဆွမ်းပတ်အဖြစ် ဩဂုတ်၃ရက်နံနက်၅နာရီတွင်လမ်းတွင်းရှိ စေတနာရှင်များ မတည်၍ အလှူရှင်များက သံဃာတော်များအား ဆွမ်းလောင်းလှူကြသည်။

ဩဂုတ် ၃ရက် နံနက် ၅နာရီက ရန်ကုန်အနောက်ပိုင်းခရိုင် လသာမြို့နယ်အမှတ်(၂)ရပ်ကွက်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးရှေ့၌ တတိယပတ်ဆွမ်းပတ် ရပ်ကွက် သံဃာ့ဒါန ဆွမ်းလောင်းအသင်းကကြီးမှူး၍ စေတနာအလှူရှင်နှင့်မတည်အလှူရှင်တို့က သံဃာတော်အပါး ၆၀၀တို့အား ဆွမ်းဟင်း၊ ဆွမ်းထမင်းများ လောင်းလှူကြကြောင်းသတင်းရရှိသည်။ (၄၁)

ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဆက်လက်ကျင်းပ

ဆက်သွယ်ရေး၊စာတိုက်နှင့်ကြေးနန်းနှင့် ပြည်ထဲရေးတို့အနိုင်ရ

နေပြည်တော် ဩဂုတ် ၅

၂၀၀၈ခုနှစ် ဒုတိယအကြိမ်နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံဘောလုံးပြိုင်ပွဲ ပထမအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲများကို နေပြည်တော်ဘောလုံးကွင်းနှင့် နေပြည်တော်ပျဉ်းမနားရှိ ပေါင်းလောင်းအားကစားကွင်းတို့၌ ယနေ့ ညနေ ၃ နာရီခွဲတွင် ဆက်လက်ကျင်းပရာ နေပြည်တော်ကွင်း၌ (ဆ)အုပ်စုမှ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန အသင်းက နိုင်ငံခြားရေးဝန်ကြီးဌာနအသင်းကို ရှစ်ဂိုး-ဂိုးမရှိဖြင့် လည်းကောင်း၊ နေပြည်တော်ပျဉ်းမနား ပေါင်းလောင်းအားကစားကွင်း၌ (ဆ)အုပ်စုမှ ပြည်ထဲရေးဝန်ကြီးဌာနအသင်းက ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာနအသင်းကို ခြောက်ဂိုး-တစ်ဂိုးဖြင့်လည်းကောင်း အနိုင်ရရှိသွားကြသည်။

၆-၈-၂၀၀၈

နေပြည်တော်ကွင်း

(ဇ)အုပ်စု

စီးပွား/ကူးသန်းနှင့် သစ်တောရေးရာ

ပေါင်းလောင်းကွင်း

(ဇ)အုပ်စု

အမှတ် (၂)စက်မှုနှင့် စွမ်းအင်

(၁၀၇)

အမှတ်(၃)လမ်းမကြီး ကတ္တရာထပ်ပိုးလွှာခင်းကျင်း

ရန်ကုန် ဩဂုတ် ၅

ရန်ကုန်မြို့တွင် ပြည်သူများနှင့် ယာဉ်သွားလာမှုလွယ်ကူချောမွေ့စေရေးအတွက် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (လမ်းနှင့်တံတား)က ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများကို ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းသည် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့မွန်းလွဲပိုင်းတွင် သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ မြို့တော်ဝန်ဗိုလ်မှူးချုပ်အောင်သိန်းလင်းသည် ရန်ကုန်မြောက်ပိုင်းခရိုင် မင်္ဂလာဒုံမြို့နယ် ပဲခူးလမ်းမကြီး လမ်းဆုံသို့ရောက်ရှိလာသည်။ထိုမှတစ်ဆင့် မြို့တော်ဝန်သည် ပဲခူးလမ်းမကြီး လမ်းဆုံမှ ခရပင်လမ်းဆုံအထိ လမ်းအရှည် ပေ၄၉၂၀၀နှင့် အကျယ်၂၂ပေရှိ အမှတ်(၃)လမ်းမကြီးအား ကတ္တရာ ကွန်ကရစ်ထပ်ပိုးလွှာခင်းကျင်းနေမှု၊ လုပ်ငန်းပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်နေမှုကိုကြည့်ရှုစစ်ဆေးရေး အင်ဂျင်နီယာဌာန (လမ်းနှင့်တံတား) ဌာနမှူး ဦးဗိုလ်ဌေး၊ စစ်ဆေးရေးဌာန-ဌာနမှူး ဦးအောင်စိုးသန်းတို့က လုပ်ငန်းဆောင်ရွက်နေမှုများကို အသေးစိတ် ရှင်းလင်းတင်ပြသည်။ဆက်လက်၍ မြို့တော်ဝန်သည် အင်းစိန်မြို့နယ် ဒညင်းကုန်းလမ်းဆုံမှ အင်းစိန်မီးရထားခုံးကျော်တံတားအထိ အောက်မင်္ဂလာဒုံလမ်းအား အပိုင်းလိုက်ပြုပြင်ထိန်းသိမ်းနေမှုကို လည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား စံချိန်စံညွှန်းပြည့်မီစွာ လုပ်ငန်းဆောင်ရွက်ကြရန် မှာကြားကာ လုပ်ငန်းလိုအပ်ချက်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရှိရသည်။

(၁၉)

ကြည့်ရှုစစ်ဆေး

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း အမှတ်(၃)လမ်းမကြီးအား ကတ္တရာကွန်ကရစ်ထပ်ပိုးလွှာ ခင်းကျင်းနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (၁၉)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၆-၈-၂၀၀၈ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ အဆိုပြိုင်ပွဲ
- ၇း၅၀ ၅။ နိုင်ငံ့စီးပွား အလေးထား ကျေးလက် ထုတ်ကုန်များ
- ၈း၀၅ ၆။ တေးဂီတအစီအစဉ်
- ၈း၁၅ ၇။ မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
- ၈း၃၀ ၈။ International News.
- ၈း၄၀ ၉။ အတီးပြိုင်ပွဲ
- ၉း၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄း၁၀ ၂။ အတီးပြိုင်ပွဲ
- ၄း၂၀ ၃။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
- ၄း၃၀ ၄။ သီချင်းကြီးပဒေသာ
- ၄း၄၀ ၅။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၄း၅၀ ၆။ အကပြိုင်ပွဲ
- ၅း၀၀ ၇။ တေးဂီတအစီအစဉ်
- ၅း၁၅ ၈။ ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်
- ၅း၂၅ ၉။ ရသပေါ်လွင် သရုပ်ဆောင်လွင်ပြင်
- ၆း၀၀ ၁၀။ ညနေခင်းသတင်း
- ၆း၃၀ ၁၁။ မိုးလေဝသအခြေအနေ
- ၆း၃၅ ၁၂။ မြန်မာ့ဓလေ့ ရိုးရာလက်ဝှေ့
- ၆း၅၀ ၁၃။ ထက်မြက်ပျော်ရွှင် အိမ်ထောင်ရှင်
- ၇း၁၅ ၁၄။ အဆိုပြိုင်ပွဲ
- ၇း၂၅ ၁၅။ တေးဂီတအစီအစဉ်
- ၈း၀၀ ၁၆။ ပြည်တွင်းသတင်း
- ၁၇။ နိုင်ငံတကာသတင်းများ
- ၁၈။ မိုးလေဝသအခြေအနေ
- ၁၉။ မြန်မာရုပ်ရှင် "ပန်းဒဏ္ဍာရီ" (ရန်အောင်၊ မင်းမော်ကွန်း၊ မေသန်းနု၊ စိုးမြတ်နန္ဒာ) (ဒါရိုက်တာ - ဟိန်းစိုး)
- ၂၀။ အစီအစဉ်ပြီး၏။

ရန်ကုန်တိုင်းမ်ဂျာနယ် ထွက်ရှိ

ရန်ကုန် ဩဂုတ် ၅

"လူငယ်လူရွယ်များ စာဖတ်ဝါသနာပါရေး" အကြောင်းကိစ္စနှင့် ပတ်သက်၍ ပညာရှင်ကြီးများ၊ နာမည်ကျော်စာရေးဆရာကြီးများ၏ သုံးသပ်ချက်များ၊ အကြံပြုချက်များ စုံလင်စွာဖြင့် ရန်ကုန်တိုင်းမ်ဂျာနယ်အတွဲ(၄)အမှတ်(၃၀) ထွက်ရှိလာသည်။

ယင်းအပြင် ဆရာကြီးမင်းသိခ်၏ မြန်မာပြည်သားလက်ဝှေ့ကလပ်နှင့် အယူတော်မင်္ဂလာခြံကြီးကို ဘာလုပ်ဖို့စီစဉ်နေ၊ တရုတ်ကုမ္ပဏီက သပိတ်ကျင်းတွင် နီကယ်သတ္တုအကျိုးတူ တူးဖော်မည်၊ အာဆီယံယာဉ်မောင်းလိုင်စင်နှင့် နိုင်ငံတကာယာဉ်မောင်းနှင်ခွင့်ပါမစ်များ ရန်ကုန်နှင့်နေပြည်တော်တွင်ထုတ်ယူနိုင်၊ ကျေးလက်နေပြည်သူတွေ ငါးပိုမိုစားသုံးနိုင်ရေး စီမံကိန်းတစ်ရပ်စတင်၊ မြစ်အတွင်းပြုတ်ကျခဲ့သော သီလဝါဆိပ်ကမ်းရှိ ကွန်တိန်နာဝန်ချီစက်များ ဆယ်ယူဖို့ တင်ဒါခေါ်၊ ပွင့်လင်းရာသီတွင် ကမ္ဘာလှည့်ခရီးသည်များ ပြန်လည်ဝင်ရောက်ရန် မျှော်လင့်နေကြ၊ ကြက်ငှက်တုပ်ကွေးရောဂါ အမြစ်ပြတ်ချေမှုန်းနိုင်ရေး စီမံကိန်းဆောင်ရွက်မည်၊ သွေးလွန်တုပ်ကွေးအန္တရာယ်ကာကွယ်ရေး ဆောင်ရန်၊ ရှောင်ရန်အချက်များ၊ ပြောရေးဆိုခွင့် ရပ်ကွက်မှ"ပေါင်းသင်းဆက်ဆံရေး"စသည့် ကဏ္ဍစုံလင်စွာဖြင့် ပြည်တွင်းရေးရာသတင်းများ ပါရှိသည်။

နိုင်ငံခြားသား ဧည့်သည်များကို စောင့်ကြည့်မှတ်သားရေးစနစ်သစ် ထိုင်းကပြုလုပ်၊ '၈' ဂဏန်းနေ့ရက်တွင်တရုတ်စုံတွဲတွေ ဘာကြောင့်လက်ထပ်၊ နီပေါခေါင်းချင်းဆက်အမြွှာသမီးလေး ဂန်ဂါကွယ်လွန်ရှာပြီ၊ ရှင်မွေးလွန်းမိခင်ကြီးတစ်ယောက်အကြောင်း၊ သွားပွတ်တံနေရာတွင် အစားထိုးသုံးနိုင်မည့် အာလုတ်ကျင်းဆေးရည် တီထွင်တော့မည်၊ "ကလေးများ၏ မဖွယ်မရာညစ်ညမ်းပုံများဖြန့်ဖြူးသူ ထောင်သုံးနှစ်ကျ" မှုခင်းရေးရာကဏ္ဍ၊ ဟာသကဏ္ဍ"ပြောရဦးမယ် သူတို့က ဒီလိုတဲ့"ဖျော်ဖြေရေးကဏ္ဍ စုံလင်စွာပါရှိသည်။

(သတင်းစဉ်)

အကျဉ်းသားများ သေကြောင်းကြံစည်မှု ဗြိတိန်၌ တိုးလာ

လန်ဒန် ဩဂုတ် ၄

ဗြိတိန်နိုင်ငံတွင် အကျဉ်းသားများ သေကြောင်းကြံစည်မှု ဖြစ်ပွားခြင်းသည် လွန်ခဲ့သောနှစ်ကထက် ၁၅ရာခိုင်နှုန်း ကျော်တိုးလာကြောင်း ကျန်းမာရေး ဝန်ကြီးဌာနက ပြောကြားသည်။

၂၀၀၇ ခုနှစ်နှင့် ၂၀၀၈ ခုနှစ် အကြား အကျဉ်းသား ၈၂ ဦး သေကြောင်း ကြံစည်ခဲ့သည်။ ယေဘုယျ အားဖြင့်ဗြိတိန်နိုင်ငံတွင်သေကြောင်း ကြံစည်သူ ၂၀၀၄ မှ ၂၀၀၆ ခုနှစ် သုံးနှစ် တာကာလအတွင်း လူဦးရေ ၁၀၀၀၀၀ လျှင် ၈ဒသမ၃ရာခိုင်နှုန်း တိုးလာသည်။

ဗြိတိန်နိုင်ငံတွင် အကျဉ်းသား ဦးရေ၈၀၀၀၀ကျော်ရှိပြီး သေကြောင်း ကြံစည်မှုသည် ရဲစခန်း၊ အချုပ်ခန်း များတွင်အများအပြား ဖြစ်ပွားခဲ့သည် ဟု သိရသည်။

အမ်အင်အေ၊ရိုက်တာ။

ဂါဇာမှ အစ္စရေးနိုင်ငံသို့ ထွက်ပြေးလာသော ပါလက်စတိုင်းများအား အစ္စရေးတပ်ဖွဲ့ဝင်များက ခေါ်လာသည်ကို ဩဂုတ် ၃ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အကြမ်းဖက်မှု တိုက်ဖျက်ရေး ဒေသဆိုင်ရာ ညီညွတ်မှု လိုအပ်ကြောင်း သီရိလင်္ကာသမ္မတ တိုက်တွန်း

ကိုလံဘို ဩဂုတ် ၄

အကြမ်းဖက် တိုက်ခိုက်မှုသည် တောင်အာရှဒေသတွင် အဓိကကျ သည့် ပြဿနာတစ်ရပ်ဖြစ်သည်ဟု ယင်းဒေသမှ ခေါင်းဆောင်များက အသိအမှတ်ပြုထားကြပြီး ယင်း ပြဿနာအား စုပေါင်းတိုက်ဖျက်ကြ ရန်လိုအပ်ကြောင်း သီရိလင်္ကာသမ္မတ မဟင်ဒြာရာဂျာပတ်ဆေးက တနင်္ဂနွေ နေ့တွင် ပြောကြားသည်။

အကြမ်းဖက် တိုက်ခိုက်မှုသည် တောင်အာရှဒေသအပါအဝင် ကမ္ဘာ တစ်ဝန်းတွင်ကြီးမားသည့်ခြိမ်းခြောက် မှုအန္တရာယ် ဖြစ်လာနေသည်ကို ခေါင်းဆောင်အားလုံးရှင်းရှင်းလင်းလင်း သိရှိထားကြသည်ဟု ၁၅ကြိမ်မြောက် တောင်အာရှ ဒေသဆိုင်ရာပူးပေါင်း ဆောင်ရွက်ရေးအဖွဲ့ ထိပ်သီးအစည်း အဝေးအပြီးမဟင်ဒြာကသတင်းထောက် များသို့ ပြောကြားသည်။

အကြမ်းဖက်တိုက်ခိုက်မှုတိုက်ဖျက် ရေးတွင် ပူးပေါင်းဆောင်ရွက်မှု မြှင့် တင်ရေးအတွက် ပြစ်မှုဆိုင်ရာကိစ္စ များတွင် အပြန်အလှန် အကူအညီ ပေးရေး စည်းမျဉ်းလက်မှတ်ရေးထိုး နိုင်မှုအပေါ် ကျေနပ်အားရဖြစ်မိသည် ဟု ၎င်းကဆက်လက်ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ပါကစ္စတန်အနောက်မြောက်ပိုင်း၌ ရေလွှမ်း၍ ၁၄ ဦးသေ

အစ္စလမ္မာဘတ် ဩဂုတ် ၄

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်းတွင် မိုးသည်းထန်စွာ ရွာသွန်း၍ ရေကြီးသောကြောင့် အနည်းဆုံး ၁၄ဦးသေဆုံးကြောင်း ဒေသဆိုင်ရာ ရုပ်မြင် သံကြားက ဩဂုတ် ၃ရက်တွင် ကြေညာသည်။

အနောက်မြောက်ပိုင်း ပြည်နယ်တစ်ခုလုံးတွင် မိုးရွာပြီးရေလွှမ်းမှု ဖြစ်ခြင်းကြောင့် ပြည်နယ်အစိုးရက ကြည်းတပ်၏ အကူအညီကို တောင်းခံ ခဲ့ရသည်။

ပက်ရှဝါပြည်နယ်အနှံ့အပြားတွင် ရေကြီးမှုအခြေအနေမှာ ဆိုးရွားလာ လျက်ရှိရာ နေအိမ်များအတွင်းအထိ ရေများဝင်လျက်ရှိပြီး လူများမှာ အိမ်ပြင် သို့ ထွက်မရအောင်ပင်ရှိနေသည်။ ပက်ရှဝါခရိုင် အုပ်ချုပ်ရေးမှူးက အခြေ အနေကို နိုင်နင်းစွာဖြေရှင်းနိုင်ရန် ကြည်းတပ်နှင့် ရဟတ်ယာဉ်များကို အကူ အညီ တောင်းခံထားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဆွေးနွေးပွဲပြန်စရန် ပါကစ္စတန်၏ကမ်းလှမ်းချက် အာဖဂန်နစ္စတန် လက်ခံ

ကဘူးလ် ဩဂုတ် ၄

အာဖဂန်နစ္စတန် အစိုးရသည် ဆွေးနွေးပွဲများ ပြန်လည်စတင်ရန် ပါကစ္စတန်၏ ကမ်းလှမ်းချက်ကို တနင်္ဂနွေနေ့က လက်ခံလိုက်သည်။ အဆိုပါဆွေးနွေးပွဲများ ကျင်းပနေစဉ် အတွင်း နယ်စပ်ဒေသ၌ ဆက်တိုက် ဖြစ်ခဲ့သော တိုက်ခိုက်မှုများ၌ အိမ်နီး ချင်းနိုင်ငံက နောက်ကွယ်တွင် ပါဝင် သည်ဟု အာဖဂန်အစိုးရက စွပ်စွဲမှုများ ပြုလုပ်ခဲ့သည်။ ယင်းသို့ စွပ်စွဲပြီး နောက် အာဖဂန်ကိုယ်စားလှယ်များ သည်ဆွေးနွေးပွဲမှထွက်ခွာသွားခဲ့သည်။

အာဖဂန်သမ္မတ ဟာမစ်ကာဇိုင်း နှင့် ပါကစ္စတန်ဝန်ကြီးချုပ် ယူဆွတ် ရာဇာဂီလာနီတို့သည် ကိုလံဘိုမြို့တွင် ကျင်းပသော ဒေသဆိုင်ရာညီလာခံ တွင် သီးသန့်အစီအစဉ်ဖြင့် ဩဂုတ် ၃ ရက်က တွေ့ဆုံဆွေးနွေးခဲ့သည်။

ဘက်ပေါင်းစုံတွေ့ဆုံဆွေးနွေးပွဲများ ကို ပြန်လည်စတင်ရန် ပါကစ္စတန်၏ အကြံပြုချက်အား အာဖဂန်နိုင်ငံက လက်ခံလိုက်ကြောင်းသမ္မတနန်းတော် မှထုတ်ပြန်သောကြေညာချက်တွင်ဖော် ပြထားသည်။ ***အမ်အင်အေ၊ရိုက်တာ။***



ထိပ်တန်းပုံးကွယ်ကျင်သူ မာဆရီ သေဆုံးကြောင်း အယ်လ်ခိုင်ဒါ အတည်ပြု

ဒူဘိုင်း ဩဂုတ် ၄

လွန်ခဲ့သော ရက်သတ္တပတ်က ပါကစ္စတန်နယ်စပ်ဒေသတွင် အမေ ရိကန်ဟုသံသယရှိသောတပ်ဖွဲ့တစ်ဖွဲ့ ၏လေကြောင်းမှ တိုက်ခိုက်မှုကြောင့် အခြားသုံးဦးနှင့်အတူ ဓာတုနှင့်ဇီဝ လက်နက် ကျွမ်းကျင်သူ အဘူခါဘတ် အယ်လ်မာဆရီသေဆုံးကြောင်းအယ်လ် ခိုင်ဒါက တနင်္ဂနွေနေ့တွင် အတည်ပြု သည်။

အာဖဂန်နစ္စတန်နယ်စပ်ရှိပါကစ္စတန် မျိုးနွယ်စုတို့ ဒေသတစ်ခုအတွင်း အိမ်တစ်လုံးကိုတိုက်ခိုက်ရာတွင်အမေ ရိကန်အစိုးရက ဆုငွေ ဒေါ်လာ ငါးသန်းထုတ်ထားသော မာဆရီကို အဓိကပစ်မှတ်ထားခြင်း ဖြစ်ဖွယ် ရှိသည်ဟု ပါကစ္စတန် တာဝန်ရှိသူ များ အဆိုအရသိရသည်။

အစ္စလာမစ် ဝက်ဘ်ဆိုက်ပေါ်တွင် တင်ထားသောအယ်လ်ခိုင်ဒါ၏ကြေညာ ချက်တစ်ခုတွင် မာဆရီသေဆုံးရခြင်း အတွက်လက်စားချေလိမ့်မည်ဟုဖော်ပြ ထားသည်။

အမ်အင်အေ၊ရိုက်တာ။

ဆူမားတြားကျွန်းတွင် နေရာ ၅၀၀ ကျော်၌ မီးလောင်မှုဖြစ်ပွား

ဂျကာတာ ဩဂုတ် ၅

အင်ဒိုနီးရှားနိုင်ငံ ဆူမားတြားကျွန်း ပေါ်တွင် နေရာပေါင်း ၅၀၀ ကျော်၌ မီးလောင်မှုဖြစ်ပွားနေသည်။ ထိုကျွန်း သည် ခြောက်သွေ့သည့်ရာသီ ရောက်တိုင်း နှစ်စဉ် မီးလောင်လေ့ ရှိပြီး မီးခိုးလုံးများမှာ မြူမှုန်များ နှင့်အတူ ရောပါသွားသည်ဟု သစ်တောရေးရာဝန်ကြီးဌာနမှ အရာရှိ တစ်ဦးက ဩဂုတ် ၄ ရက်တွင် ပြော ကြားသည်။

ခြောက်သွေ့သောရာသီတွင် ရွာမြဲ ထက်မိုးရွာသွန်းမှုနည်းပါးသည့်အတွက် မီးလောင်မှုများဖြစ်ပွားရာ ယခုနှစ် မီးလောင်မှုများသည် ယခင်နှစ်က ထက်ကျော်လွန်သွားမည်ကို သစ်တော ရေးရာဝန်ကြီးဌာနက စိုးရိမ်နေရ သည်ဟု သဘာဝတော မီးလောင် ကျွမ်းမှုထိန်းသိမ်းရေးမှ ညွှန်ကြားရေး မှူး ဆိုနီပက်တိုနိုက ရိုက်တာသတင်း ဌာနသို့ ပြောကြားသည်။

မိုးလေဝသနှင့် ဇလဗေဒဦးစီးဌာန ၏ ဖော်ပြချက်အရ ယခုနှစ် ခြောက် သွေ့သောရာသီသည် ယခင်နှစ်က ထက် ပိုမိုခြောက်သွေ့ပြီး ယခုကဲ့သို့ မီးလောင်မှုပြဿနာနှင့် ရင်ဆိုင်နေရ သည်။ ထို့ပြင် မီးလောင်ကျွမ်းမှု ဖြစ်စဉ်များအတက်အကျကိုကြည့်ခြင်း အားဖြင့် ယခုနှစ်သည် ပြီးခဲ့သောနှစ် ကထက် ပိုမိုဆိုးရွားသည်ဟု ပက်တို နိုက ပြောကြားသည်။

မီးလောင်ကျွမ်းမှုဖြစ်စဉ်ကို ဇန်န ဝါရီလကတည်းက ကောက်ယူခဲ့ရာ ဖြစ်ပွားသည့် နေရာပေါင်း ၈၀၀၀ ခန့်ရှိသည်။ ထို့ပြင် ပြီးခဲ့သော ၂၀၀၇ ခုနှစ် ခြောက်သွေ့သော ရာသီသည် ယခုနှစ် ခြောက်သွေ့သောရာသီထက် ပိုမိုစွတ်စိုခဲ့ရာ မီးလောင်မှုဖြစ်ပွား သည့် နေရာပေါင်း ၃၅၀၀၀ ခန့်သာ ရှိသည်။ ထို့ကြောင့် ၂၀၀၆ ခုနှစ်တွင် မီးလောင်မှုဖြစ်ပွားသည့်နေရာပေါင်း ၁၄၄၀၀၀ ခန့်မှ ၂၀၀၇ ခုနှစ်တွင် ကျဆင်းသွားခဲ့ကြောင်း သိရသည်။

အမ်အင်အေ၊ရိုက်တာ။

ပါကစ္စတန်နိုင်ငံ ပက်ရှဝါပြည်နယ်တွင် မိုးသည်းထန်ပြီး ရေကြီးမှုကြောင့် ပြိုပျက်သွားသောနေအိမ်များမှပစ္စည်းများကို ပြန်လည်သယ်ယူနေကြသူများအား ဩဂုတ် ၄ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်တွင် အမေရိကန်တပ်ဖွဲ့ဝင်သေဆုံး

ဘဂ္ဂဒက် ဩဂုတ် ၄

အီရတ်နိုင်ငံတွင် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးသည် တိုက်ပွဲဖြစ်ပွားမှု ကြောင့်မဟုတ်ဘဲ အခြားအကြောင်းကြောင့် သေဆုံးသွားကြောင်း အမေ ရိကန်စစ်ဘက်က ဩဂုတ် ၃ ရက်တွင် ကြေညာသည်။

ကြေညာချက်ထုတ်

ဘဂ္ဂဒက်မြို့မြောက်ပိုင်းတွင် မော်တော်ယာဉ် မတော်တဆဖြစ်မှုကြောင့် တပ်ဖွဲ့ဝင်တစ်ဦးသေဆုံးပြီး တစ်ဦးဒဏ်ရာရရှိကြောင်း အမေရိကန်စစ်ဘက်မှ ကြေညာချက်ထုတ်ပြန်သည်။ ယင်းသည် ဩဂုတ်လအတွင်း ပထမဆုံးသော အမေရိကန်တပ်ဖွဲ့ဝင် သေဆုံးခြင်းသတင်းဖြစ်သည်။

ပင်တဂွန်မှကိန်းဂဏန်းများကို အခြေခံ၍သတင်းဌာနများ၏ ရေတွက် ချက်အရ ၂၀၀၃ခုနှစ် မတ်လအတွင်း အီရတ်နိုင်ငံကို အမေရိကန် ဦးဆောင် ၍ ကျူးကျော်ခဲ့ချိန်မှစ၍ ယနေ့အထိ အီရတ်၌သေဆုံးသော အမေရိကန် တပ်ဖွဲ့ဝင်ဦးရေ စုစုပေါင်းသည် ၄၁၂၈ ရှိပြီဖြစ်သည်ဟု ဆိုသည်။

အမ်အင်အေ၊ဆင်ဟွာ။

တရုတ်နိုင်ငံအလယ်ပိုင်း ချန်ဒူးပန်ဒါဝက်ဝံမွေးမြူရေးစခန်းတွင် ပြုစုထားသော မွေးကင်းစပန်ဒါဝက်ဝံ ငယ်တစ်ကောင်ကို ဩဂုတ် ၃ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အိန္ဒိယ၏စွပ်စွဲချက်ကြောင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ထိခိုက်စေသည်ဟု ပါကစ္စတန်ဝန်ကြီးချုပ် ပြောကြား

ကိုလံဘို ဩဂုတ် ၄

ပါကစ္စတန်က အိန္ဒိယအား တိုက်ခိုက်နိုင်သည့်ဆက်နွယ်မှု အထောက်အထားမရှိကြောင်း၊ ယင်းစွပ်စွဲချက်များကြောင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အား ထိခိုက်နစ်နာစေသည်ဟု ပါကစ္စတန်ဝန်ကြီးချုပ်က ပြောကြားကြောင်း ရိုက်တာသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

၂၀၀၄ ခုနှစ် ငြိမ်းချမ်းရေး အစီအစဉ်ကြောင့် ပါကစ္စတန်နှင့် အိန္ဒိယနိုင်ငံအကြား ပြေလည်မှုရရှိခဲ့သော်လည်း အိန္ဒိယနိုင်ငံအတွင်း မကြာမီက တိုက်ခိုက်မှုများနှင့် အာဖဂန်နစ္စတန်နိုင်ငံအတွင်း တိုက်ခိုက်မှုတစ်ရပ်ဖြစ်ပွားခဲ့ရာ တစ်ဦးကိုတစ်ဦး ယုံကြည်မှုပျက်ပြားစေခဲ့သည်။

အာဖဂန်နိုင်ငံ ကဘူးလ်မြို့တော်ရှိ အိန္ဒိယသံရုံးအား ဇူလိုင် ၇ ရက်က တိုက်ခိုက်မှုနှင့် ပတ်သက်၍ အိန္ဒိယနှင့် အာဖဂန်တို့က ပါကစ္စတန်မှ ထောက်လှမ်းရေးဌာနကို အပြစ်တင်ပြောကြားခဲ့သည်။ ယင်းဖြစ်စဉ်၌ ၅၈ ဦးသေဆုံးခဲ့ရာ အိန္ဒိယမှ သံတမန်နှစ်ဦးပါဝင်ခဲ့ပြီး အိန္ဒိယက ငြိမ်းချမ်းရေးလုပ်ငန်းစဉ်သည် စိတ်သောကရောက်ဖွယ်ရာ ကောင်းလှသည်ဟု ဝေဖန်ပြောကြားခဲ့သည်။

အိန္ဒိယဝန်ကြီးချုပ်အား အာဖဂန်နိုင်ငံ၌ဖြစ်ပွားသည့်တိုက်ခိုက်မှုအတွင်း ထောက်လှမ်းရေးဌာနပါဝင်မှု ရှိ၊ မရှိ အပေါ် စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ရန် ပါကစ္စတန်ဝန်ကြီးချုပ်က ကတိကဝတ်ပေးပြီး နောက်တစ်ရက်တွင် ပါကစ္စတန်ဝန်ကြီးချုပ် ယူဆက်ရာဇာ ဂီလာနီက ဖော်ပြပါအတိုင်း ဝေဖန်လိုက်ခြင်းဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ။

ပါကစ္စတန်နိုင်ငံ K2 တောင်ထိပ်သို့တက်ရင်း ပျောက်ဆုံးလျက်ရှိသော အိုင်ယာလန်နိုင်ငံသား တောင်တက်သမား ဂျာရတ်မက်ဒေါ်နယ်လ် (ဝဲပုံ)**အား အခြားအဖွဲ့သားများနှင့်အတူ တွေ့ရစဉ်။**(ဓာတ်ပုံ-အင်တာနက်)

ကိုလံဘီယာ၌ မိုင်းတွင်းပေါက်ကွဲ၊ လုပ်သားရှစ်ဦး သေဆုံး

ဘိုဂိုတာ ဩဂုတ် ၄

ကိုလံဘီယာနိုင်ငံ အလယ်ပိုင်းတွင် တရားမဝင်တူးဖော်နေသော ကျောက်မီးသွေးမိုင်းတွင်း၌ သောကြာနေ့က မီသိန်းဓာတ်ငွေ့များ ယိုစိမ့်ထွက်လာပြီးနောက် ပေါက်ကွဲမှုဖြစ်ပွားရာ မိုင်းတွင်းလုပ်သားရှစ်ဦးသေဆုံးပြီး နှစ်ဦး ဒဏ်ရာရရှိခဲ့သည်ဟု အာဏာပိုင်များက ပြောကြားသည်။

ပေါက်ကွဲသွားသော မိုင်းတွင်းမှာ ကန်ဒီနာမာတာပြည်နယ်မှ မိုင်းတွင်းဖြစ်သည်။ ၂၀၀၄ ခုနှစ်တွင် အစိုးရက ထိုမိုင်းတွင်း တူးဖော်မှုလုပ်ငန်းအား ပိတ်ထားခဲ့သည်ကို တရားမဝင်တူးဖော်ခြင်းဖြစ်သည်ဟု ကိုလံဘီယာ ဘူမိဗေဒနှင့် သတ္တုတွင်းလုပ်ငန်း သတ္တုတူးဖော်ရေးဌာနမှ ညွှန်ကြားရေးမှူး ပလီနီအိုဘူစတာမန်တီက ရိုက်တာသတင်းဌာနသို့ ပြောကြားသည်။

ထိုမိုင်းတွင်းတွင် ပေါက်ကွဲမှုနှစ်ကြိမ်ဖြစ်ပွားခဲ့ပြီး မိုင်းလုပ်သားရှစ်ဦး သေဆုံးခဲ့သည်ဟု ဘူစတာမန်တီက ဆက်လက်ပြောကြားသည်။

အင်ဒီစ် တောင်တန်းဒေသရှိ ကိုလံဘီယာနိုင်ငံတွင်ဖြစ်ပွားသော အဆိုပါ မိုင်းတွင်းပေါက်ကွဲမှုသည် ယခုနှစ်အတွင်း အဖြစ်အပျက်များအနက် အဆိုးဆုံးဖြစ်သည်။

ထိုအရပ်ရှိ ဆင်းရဲချို့တဲ့သူ ထောင်ပေါင်းများစွာတို့သည် မိုင်းတွင်းလုပ်ငန်းများတွင် လုပ်ကိုင်လျက်ရှိသည်။

ထိုမိုင်းတွင်းများသည် မြေပြိုမှုအန္တရာယ်၊ ဓာတ်ငွေ့ပေါက်ကွဲမှုအန္တရာယ်များကို မကြာခဏရင်ဆိုင်နေရသော မိုင်းတွင်းလုပ်ငန်းများဖြစ်သည်။ ***အမ်အင်အေ၊ရိုက်တာ။***

ပြင်သစ်နိုင်ငံသားနှစ်ဦးအား နိုင်ဂျီးရီးယား၌ ပြန်ပေးဆွဲ

အဆူဂျာ ဩဂုတ် ၄

နိုင်ဂျီးရီးယားနိုင်ငံ၏ မငြိမ်မသက်ဖြစ်နေသော နိုင်ဂျာမြစ်ဝကျွန်းပေါ်ဒေသ အဓိကရေနံလုပ်ငန်းအနီးရှိ ပို့ဟာကုတ်အရပ်တွင် ပြင်သစ်နိုင်ငံသားနှစ်ဦးအား သေနတ်သမားများက ပြန်ပေးဆွဲသွားကြောင်း လုံခြုံရေးဌာနသတင်းပေးများထံမှ တနင်္ဂနွေနေ့တွင် သိရှိရကြောင်း ရိုက်တာသတင်းက ဖော်ပြသည်။

ပြင်သစ်နိုင်ငံခြားရေးဝန်ကြီးဌာနက ၎င်းတို့၏ နိုင်ငံသားနှစ်ဦး ပြန်ပေးဆွဲခံရကြောင်း အတည်ပြုပြောကြားသည်။ နိုင်ဂျီးရီးယားနိုင်ငံ ရေးဗား ပြည်နယ် ကြည်းတပ်မှ ပြောရေးဆိုခွင့်ရှိသူ ဒုတိယဗိုလ်မှူးကြီး ဆာဂီယာမူဆာက အဆိုပါ ပြင်သစ်နိုင်ငံသားနှစ်ဦးသည် မည်သူ့အတွက် အလုပ်လုပ်နေသည်ကို ရှင်းလင်းစွာ မသိရကြောင်း ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

ဆူဒန်နိုင်ငံတောင်ပိုင်း ညာလာအနီးရှိ အင်တီဖာဒါ ဒုက္ခသည်စခန်းတွင် တိုက်ပွဲဖြစ်ပွားခြင်းကြောင့် ထွက်ပြေးလာသူများ နေထိုင်ရာ တဲအိမ်များကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အီရတ်တွင် လူသတ်မှုဖြင့် အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦးကို တရားစွဲဆို

ဘဂ္ဂဒက် ဩဂုတ် ၃

ထိန်းသိမ်းခံထားရသူ အီရတ်နိုင်ငံသားတစ်ဦးကို သတ်မှုဖြင့် အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦးကို စနေနေ့က တရားစွဲဆိုလိုက်သည်။

အီရတ်နိုင်ငံရှိ အပေါင်းပါတပ်ဖွဲ့မှ တပ်ကြပ် ဟောလ်အမ်၊ ဝါနာနှင့် ဒုဗိုလ် မိုက်ကယ်စီဘီဟီနာတို့ကို ကြိုတင်ကြံရွယ် ဆောင်ရွက်သည့် လူသတ်မှု၊ ကိုယ်ထိလက်ရောက် စော်ကားမှု၊ တရားရေးအရ အရေးယူရာတွင် မှားယွင်းစေရန် လိမ်လည်အစီရင်ခံမှုတို့ဖြင့် တရားစွဲဆိုခဲ့ကြောင်း နိုင်ငံစုံတပ်ဖွဲ့မှ စနေနေ့တွင် ထုတ်ပြန်ကြေညာသည်။

အီရတ်၌ အမေရိကန်တပ်ဖွဲ့၏ အကျဉ်းသားအဖြစ် ထိန်းသိမ်းထားသူ အလီမာဆာမိုဟာမက် သေဆုံးမှုကို ရာဇဝတ်မှုဆိုင်ရာ စုံစမ်းစစ်ဆေးမှုအရ စုံစမ်းရာမှ ယခုအမှုကို ဖော်ထုတ် သိရှိရခြင်းဖြစ်သည်။ ၎င်းကို မူလက အမေရိကန်အပေါင်းပါတပ်ဖွဲ့သည် မေလအတွင်းက ပြန်လည်လွှတ်ပေးပြီးဖြစ်သည်ဟု ယူဆထားကြောင်း၊ သို့ရာတွင် ၎င်းသည် ပြန်လွတ်လာသူမဟုတ်ဘဲ သေဆုံးသူဖြစ်နေသည်ကို သိရှိရခြင်းဖြစ်သည်။ ထိုအမှုနှင့်ပတ်သက်၍ အသေးစိတ်ထပ်မံဖော်ပြခြင်းမရှိပေ။ မိုဟာမက်သည် မေ ၁၆ ရက်ခန့်တွင် သေဆုံးသည် သို့မဟုတ် ထိုရက်ပတ်ဝန်းကျင်တွင် သေဆုံးသည်ဟု သက်ဆိုင်ရာများက ယူဆခဲ့ကြသည်။ ***အင်တာနက်။***

ကြေးမုံ The Mirror နိုင်ငံတကာသတင်းများ

ဘဂ္ဂဒက်တွင် ကားဗုံးပေါက်ကွဲ၊ ၁၂ဦးသေဆုံး

ဘဂ္ဂဒက် ဩဂုတ် ၄

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ မြောက်ဘက်ရှိ ဆွန်နီမွတ်စလင်များကြီးစိုးရာ ဒေသ၌ တနင်္ဂနွေနေ့က ကားဗုံးပေါက်ကွဲမှု ဖြစ်ပွားခဲ့ရာ ၁၂ ဦး သေဆုံးပြီး ၂၂ ဦး ဒဏ်ရာရရှိခဲ့သည်ဟု အီရတ်အစိုးရအဖွဲ့က ပြောကြားသည်။

အဆိုပါဖြစ်စဉ်သည် ဆွန်နီအစွန်းရောက် လက်နက်ကိုင်တပ်ဖွဲ့များ ကြီးစိုးရာ အက်ဟာမီယာဒေသရှိ ကျန်းမာရေးစောင့်ရှောက်မှု အဖွဲ့ပိုင်အဆောက်အအုံတစ်ခု အနီးတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး အကြမ်းဖက်သမားများသည် အရပ်သားများကို ဦးတည်၍တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်းနှင့် ၎င်းအချိန်က အီရတ် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် အမေရိကန် ကင်းလှည့်တပ်ဖွဲ့ဝင်များ အချင်းဖြစ်ပွားရာနေရာတွင် မရှိကြောင်း သိရှိရသည်။

အဆိုပါကားဗုံးသည် စားသောက်ဆိုင်များ၊ စတိုးဆိုင်များ၊ အစည်းအဝေးပွဲများ ကျင်းပလေ့ရှိသော ယဉ်ကျေးမှုဆိုင်ရာအဆောက်အအုံတစ်ခုနှင့် ဆေးရုံနှစ်ခုတို့တည်ရှိရာ စီးပွားရေးဇုန်ဖြစ်သည့် အယ်လ်မက်ဂ်ဟာရက်ဘ် လမ်းမပေါ်တွင် ပေါက်ကွဲခဲ့ခြင်းဖြစ်သည်။

၂၀၀၆ ခုနှစ် အတွင်းကလည်း အဆိုပါဒေသတွင် ပထမဆုံးအကြိမ်ပြင်းထန်သည့် ကားဗုံးပေါက်ကွဲမှု ဖြစ်ပွားခဲ့ရာ ၂၆ ဦး သေဆုံးခဲ့သည်။

အင်တာနက်။

ဂါဇာကမ်းမြောင်တွင် အကြမ်းဖက်တိုက်ခိုက်မှုဖြစ်ပွား ကိုးဦး သေဆုံး၊ ၉၅ ဦး ဒဏ်ရာရရှိ

ဂါဇာ ဩဂုတ် ၄

ဟားမတ်စ်လှုပ်ရှားမှုအဖွဲ့က ဂါဇာကမ်းမြောင်ကို လွန်ခဲ့သည့်တစ်နှစ်က ထိန်းချုပ်ထားခဲ့သည့်နောက်ပိုင်းတွင် ဟားမတ်စ်ရဲတပ်ဖွဲ့နှင့် ဖာတာလိုလားသော သေနတ်သမားများ စနေနေ့တွင် အချင်းများတိုက်ခိုက်မှုဖြစ်ပွားခဲ့ရာ ဟားမတ်စ်ရဲတပ်ဖွဲ့ဝင်သုံးဦးနှင့် ဖာတာလိုလားသည့် သေနတ်သမားခြောက်ဦးတို့ သေဆုံးခဲ့ကြောင်း ရိုက်တာသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

ယူဆနေကြ

ဟားမတ်စ်သေနတ်သမားများက မသင်္ကာသူ ၁၁ ဦးအား ဖမ်းဆီးလိုသဖြင့် ဂါဇာကမ်းမြောင်ရှိ ရှီဂျေယာဆင်ခြေဖုံးဒေသကိုဝိုင်းဝန်းရာမှ တိုက်ခိုက်မှုပေါ်ပေါက်ခဲ့ခြင်းဖြစ်သည်။ ၎င်းမသင်္ကာသူများသည် ဟားမတ်စ် သေနတ်သမားငါးဦးနှင့် အမျိုးသမီးတို့အား ဗုံးဖောက်ခွဲသတ်ဖြတ်မှု၏ နောက်ကွယ်မှ ပါဝင်ပတ်သက်သူများဟု အစ္စလာမ့်အုပ်စုက ယူဆနေကြသည်။

ရဲတပ်ဖွဲ့က ဟားမတ်စ်အဖွဲ့ဝင် ၁၁ ဦးအနက် အချို့သူများသည် ဗုံးဖောက်ခွဲမှုနောက်ကွယ်မှ ပါဝင်သည်ဟု ယူဆပြီး ဖမ်းဆီးကာ လက်နက်နှင့် ဖောက်ခွဲရေးပစ္စည်း အများအပြားတို့ကို သိမ်းယူခဲ့သည်ဟု ဟားမတ်စ်ပြည်ထဲရေးဝန်ကြီး ဆေယိဆေယမ်က ဂါဇာတွင် ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

အမေရိကန်သိပ္ပံပညာရှင် အက်စ်ဘလဲယားဟက်ဂျ်က အများပြည်သူကြည့်ရှုနိုင်ရန် ၂၀၀၆ ခုနှစ်က ကာရစ်ဘီယံဒေသဘာဘားဒို့စ်ကျွန်းပေါ်တွင် ၎င်းရိုက်ကူးခဲ့သော ကမ္ဘာ့အသေးဆုံးမြွေတစ်ကောင်၏ ဓာတ်ပုံကို ဩဂုတ် ၃ ရက်က ပြသထားစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ထိုင်းတောင်ပိုင်း ဗုံးပေါက်ကွဲမှုတွင် ပါဝင်သည်ဟု သံသယရှိသူ ၁၃ ဦးကို ဖမ်းဆီး

ဗန်ကောက် ဩဂုတ် ၄

ထိုင်းနိုင်ငံတောင်ပိုင်း ဆွန်ခလာပြည်နယ်တွင် တစ်နေ့အတွင်း ဖြစ်ပွားခဲ့သည့် ဗုံးပေါက်ကွဲမှုခုနစ်မှုတွင် ပါဝင်ပတ်သက်ကြောင်း သံသယရှိသူ ၁၃ ဦးအား ဩဂုတ် ၃ ရက်က ဖမ်းဆီးခဲ့ကြောင်း ဒေသဆိုင်ရာသတင်းများက ဖော်ပြသည်။

တိုက်တွန်းနှိုးဆော်

နောက်ထပ် စုံစမ်းစစ်ဆေးမှုများအရ တောင်ပိုင်းပြည်နယ်တွင်နေထိုင်သူ ဆယ်ကျော်သက်သုံးဦး ပါဝင်ပတ်သက်လျက်ရှိကြောင်း သိရှိရသည်။ နိုင်ငံရေးတည်ငြိမ်မှုမရှိသည့် ဆွန်ခလာပြည်နယ်ရှိ မူအန်ဒေသတွင် တနင်္ဂနွေနေ့ညက ဗုံးလေးလုံးပေါက်ကွဲခဲ့သဖြင့် သုံးဦးထိခိုက်ဒဏ်ရာ အနည်းငယ်ရရှိခဲ့ပြီး တစ်ချိန်တည်းမှာပင် ဟတ်ဝိုင်ဒေသတွင် ဗုံးသုံးလုံးပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ ထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်းနှင့် ကနဦးစုံစမ်းစစ်ဆေးမှုများအရ အဆိုပါဗုံးများမှာ အရွယ်အစားသေးငယ်ကြောင်း သိရှိရသည်။

ဒေသခံများအား မျက်စိဖွင့်နားစွင့်ထားကြရန်နှင့် တာဝန်ရှိသူများထံသတင်းပေးပို့ ပူးပေါင်းဆောင်ရွက်ကြရန် အာဏာပိုင်များက တိုက်တွန်းနှိုးဆော်ထားသည်။

အမ်အင်အေ၊ဆင်ဟွာ။

လေဘောသင့်ပြည်သူများအတွက် လှူဒါန်းကြရာတွင် -

- မည်သူမဆို လွတ်လပ်စွာ လှူဒါန်းနိုင်ပါသည်။
- မည်သူ့ထံကိုမဆို မည်သည့်ဒေသ၌မဆို လှူဒါန်းနိုင်ပါသည်။

သို့ရာတွင် စနစ်တကျမရှိသော လှူဒါန်းမှုမျိုးနှင့် နိုင်ငံနှင့်လူမျိုး၏ ဂုဏ်သိက္ခာကို ထိခိုက်စေသော အပြုအမူများကိုမူ ရှောင်ရှားကြပါရန် နှိုးဆော်အပ်ပါသည်။

☆ မိုးလုံးပြည့် မုသာဝါဒီတွေ တိုင်းပြည်ပျက်အောင်လုပ်နေသည်

☆ **BBC** ညာနေသည်

VOA လိမ်နေသည်

RFA ရန်တိုက်ပေးနေသည်

☆ အဲဒီ ကုန်းချောသွေးထိုးသူများ မယုံလေနဲ့ သတိထား

ပြည်တွင်း၊ ပြည်ပမှ လှူဒါန်းသော ငွေ၊ ပစ္စည်းများနှင့်ပတ်သက်၍ အလွဲသုံးစားပြုမှုများ တွေ့ရှိပါက တိုင်ကြားနိုင်

လေဘောသင့်ခံရသူများအတွက် ပြည်တွင်း၊ ပြည်ပမှ လှူဒါန်းသော ငွေ၊ ပစ္စည်းများကို မရိုးဖြောင့်သောသဘောဖြင့် ထိန်းသိမ်းထားခြင်း၊ ရောင်းဝယ်ခြင်း၊ လူပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများအတွက် အသုံးချခြင်း၊ အခြားကိစ္စရပ်များအတွက် အလွဲသုံးစားပြုခြင်းများကို တွေ့မြင်သိရှိပါက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန-

ရုံးအဖွဲ့မှူး ဖုန်း-၀၆၇ ၄၀၄၀၂၁၊ ဖုန်း- ၀၆၇ ၄၀၄၀၂၂ နှင့်

ဒုတိယရုံးအဖွဲ့မှူး ဖုန်း-၀၉၈၆ ၀၁၀၀၂ တို့သို့ တိုင်ကြားနိုင်ပါသည်။

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်သူများ၏အသိပညာ၊အတတ်ပညာစွမ်းအားဖြင့် ကြိုးပမ်းဆောင်ရွက်နိုင်စေရန်ပိုမိုလိုအပ် အမျိုးသားပညာရေးမြှင့်တင်မှု အစီအစဉ်များကို မှန်မြတ်မြင့်မားသည့် ရည်မှန်းချက်များထားရှိပြီး ချမှတ်ကြိုးပမ်းဆောင်ရွက်နေ

နေပြည်တော် ဩဂုတ် ၅

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)၌ ဖွင့်လှစ်သော အခြေခံပညာ ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၃၁) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ဩဂုတ်၄ရက် နံနက်၉နာရီတွင် မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ်ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ရတနာခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံပညာရေး ကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁)ဒုတိယ ဗိုလ်ချုပ်ကြီးသီဟသူရ တင်အောင်မြင့်ဦးကိုယ်စား သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်း တက်ရောက်၍ သင်တန်းဖွင့်အမှာစကား ပြောကြားသည်။

အဆိုပါ သင်တန်းဖွင့်ပွဲအခမ်းအနားသို့ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာသန်းညွန့်၊ မန္တလေးမြို့တော် စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ် ဖုန်းဇော်ဟန်၊ ဒုတိယဝန်ကြီးများ၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ - အဖွဲ့ဝင်များ၊ အထက်မြန်မာပြည် ဒုတိယတရားသူကြီးချုပ် ဦးခင်မောင်လတ်၊ တပ်မတော် အရာရှိကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တိုင်း၊ ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များ၊ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ပါမောက္ခချုပ်နှင့် ဒုတိယပါမောက္ခချုပ်များ၊ ဌာနကြီးမှူးများနှင့် ဌာနမှူးများ၊ ကထိကများနှင့် လက်ထောက်ကထိကများ၊ နည်းပြများနှင့် သင်တန်းသား၊ သင်တန်းသူ ဆရာ၊ ဆရာမများ တက်ရောက်ကြသည်။

သင်တန်းဖွင့်အခမ်းအနားတွင် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးကိုယ်စား သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်းက သင်တန်းဖွင့်အမှာစကား ပြောကြားရာ၌ယနေ့အချိန်အခါသည် ကမ္ဘာ့နိုင်ငံများအနေဖြင့် **စာမျက်နှာ ၉ ကော်လံ ၁ သို့** ✻

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁)ဒုတိယ ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးကိုယ်စား သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနဝန်ကြီးဦးသောင်း ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက် မြန်မာပြည်) အခြေခံပညာ ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်းအမှတ်စဉ်(၃၁) သင်တန်းဖွင့်ပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (အပေါ်ပုံ)

(သတင်းစဉ်)